# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်၊ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာ ၁၂ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၂)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စပိန်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် အောက်တိုဘာ ၁၂

၂၀၀၄ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ကျရောက်သော စပိန်နိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ စပိန်နိုင်ငံ ဘုရင် ပထမမြောက် ဟွန်၊ ကားလို့စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ရေအားလျှပ်စစ်ဥမင်လိုဏ် အတွင်းပိုင်းပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)**





## နိုင်ငံတော်တစ်ဝန်းလုံး ဟန်ချက်ညီညီ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာစေရေးဖြည့်ဆည်းပေးလျက်ရှိ ဒေသခံပြည်သူများ နိုင်ငံတော်၏စေတနာသိနားလည်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပူးပေါင်းဆောင်ရွက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စေတုတ္တရာမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးမှာကြား

ရန်ကုန် အောက်တိုဘာ ၁၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ အောက်တိုဘာ ၉ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မန္တလေးတိုင်း မြင်းခြံမြို့မှ မကွေးတိုင်း စေတုတ္တရာမြို့နယ်၌ တည်ဆောက်လျက်ရှိသည့် မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြသည်။

***စာမျက်နှာ ၈ ကော်လံ ၁*** ✡



**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်)

# ဒို့တာဝန်အရေးသုံးပါးကို ဦးလည်မသုန် ခံယူကျင့်သုံး ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံရေး၊စီးပွားရေး၊လူမှုရေးစသည့် နယ်ပယ်အားလုံးတွင် ဦးတည်ချက်များ ခိုင်ခိုင်မာမာချမှတ်ပြီး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်နေခြင်းသည် ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် လုပ်ဆောင်နေခြင်းဖြစ်သည်။ ဤအရေးသုံးပါးသည် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိသော နိုင်ငံသားအားလုံး၏ အသက်ဝိညာဉ်ပင် ဖြစ်သည်။

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အောက်တိုဘာလ ၈ ရက်နေ့က မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် ကျင်းပသော အခြေခံပညာ ဆရာဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၂၁) သင်တန်းဆင်းပွဲအခမ်းအနားတွင်–

**"ပြည်ထောင်စုကြီး၏ အေးမြသည့်အရိပ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၏ ကြီးမားသည့်အင်အား၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၏ ထက်မြက်တန်ဖိုးကြီးမားမှုတို့ကို တပည့်များ၏ ရင်ထဲအသည်းထဲတွင် စိမ့်ဝင်နေအောင်၊ နားလည်နေအောင် ရှင်းလင်းပြောဆိုနေကြရမှာဖြစ်ကြောင်း"**

ပြောကြားသွားသည်။

နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် တန်ဖိုးကြီးမားသော ဒို့တာဝန်အရေးသုံးပါးသည် တစ်မျိုးသားလုံး ခံယူရမည့် အမျိုးသားရေးမူဝါဒ ဖြစ်သည်။ ဤမူဝါဒများသည် ကမ္ဘာတည်သရွေ့ ရှင်သန်နေမည်ဖြစ်၍ သားစဉ်မြေးဆက် လက်ဆင့်ကမ်းအမွေပေးရမည့် မူဝါဒများလည်း ဖြစ်သည်။

အထူးသဖြင့် ပြည်တွင်း၊ ပြည်ပ အဖျက်အမှောင့် ပယောဂမျိုးစုံ လုပ်ကြံဖန်တီးနေသည့် ယနေ့အချိန်အခါမျိုး၌ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အုတ်မြစ်ကို ခိုင်ခိုင်မာမာချထားရန်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ပွားများနေရန် လိုအပ်ပေသည်။

တစ်ချိန်တည်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုတိုးတက်ခိုင်မြဲစေရန်၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်စေရန် အလေးပေးဆောင်ရွက်ကြရမည် ဖြစ်သည်။ ဒေသအနှံ့အပြားတွင် ရှိနေသော အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များက မိမိတို့ရောက်ရှိရာဒေသများတွင် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့် အနှစ်သာရသဘောကို လက်တွေ့ဘဝအတွေ့အကြုံနှင့်ယှဉ်ပြီး လုပ်ကိုင်ဆောင်ရွက်ကြရန် ဖြစ်သည်။

နိုင်ငံတော်အစိုးရကလည်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများ၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခု စီမံကိန်းများကို တစ်နိုင်ငံလုံးဖြန့်ကြက် ဆောင်ရွက်ပေးခဲ့ရာ ဒေသတစ်ခုနှင့်တစ်ခုအကြား ဆူကြုံနိမ့်မြင့်ကွာဟမှုများ လျော့နည်းကျဆင်းလာပြီး တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်း မြင့်မားတိုးတက်လာကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ် ပိုမိုခိုင်ကျည်လာခဲ့ပြီ ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏အသက်ဝိညာဉ်သဖွယ်ဖြစ်သော ဒို့တာဝန်အရေးသုံးပါးကို မျိုးချစ်စိတ်ရှိသော၊ နိုင်ငံချစ်စိတ်ရှိသော တိုင်းရင်းသားပြည်သူအပေါင်းက ဦးလည်မသုန် ခံယူကျင့်သုံးပြီး နိုင်ငံတော်၏ အေးမြသည့် အရိပ်အာဝါသအောက်တွင် တစ်စုတစ်စည်းတည်း နေထိုင်ရင်း ပြည်ထောင်စုကြီးအစွန့်ရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

၁၂-၁၀-၂၀၀၄
(အင်္ဂါနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀ ၆။ မျိုးချစ်တပ်မတော်
၄း၄၀ ၇။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
The General
Characterristic of
Contemporary
Western Philosophy
(ဒဿနိကဗေဒအထူးပြု)
၅း၃၀ ၁၀။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၆။ မြန်မာ့ရှုခင်း
၆း၄၀ ၁၇။ လျှပ်တစ်ပြက်
၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပင်လယ်ကြီးလောက်ချစ်တယ်"** (အပိုင်း–၂)
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိန်းငှက်သူရဲကောင်း"** (အပိုင်း–၁၁)

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ကမာရွတ်မြို့နယ် နာနတ်တော ခုံးကျော်တံတားတည်ဆောက်ရေး စည်းဝေး တံတားပြီးစီးပါက နာနတ်တောလမ်းနှင့်ဗဟိုလမ်း ယာဉ်ကြောပိတ်ဆို့ခြင်းမှ လွတ်ကင်းမည်

ရန်ကုန် အောက်တိုဘာ ၁၁

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် နာနတ်တောခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်၇နာရီခွဲက အဆိုပါခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းရှင်းလင်းဆောင်၌ ကျင်းပရာ **ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်ဝင်း၊ အမှတ်(၃) စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖေသန်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့က ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းပြောကြားသည်။

ယခုတည်ဆောက်မည့် နာနတ်တောခုံးကျော်တံတားသည် ကြိုတင်အားဖြည့် သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး အရှည် ၉၆၄ ပေ၊ ယာဉ်သွားလမ်းအကျယ် ၄၈ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် လေးပေစီနှင့် မော်တော်ယာဉ်နှင့် ရထားကင်းလွတ်အမြင့်မှာ ၁၄ ပေ ရှိမည်ဖြစ်သည်။ တံတားကြီးပြီးစီး သွားပါက ခံနိုင်ဝန်မှာ တန် ၆၀ရှိမည်ဖြစ်သည်။

နာနတ်တောခုံးကျော်တံတားကြီးကို ရထားများဖြတ်သန်းစဉ်ကာလအတွင်း နာနတ်တောလမ်းနှင့် ဗဟိုလမ်းယာဉ်ကြောပိတ်ဆို့ခြင်းမှ ကင်းလွတ်ရန်တည်ဆောက်ခြင်းဖြစ်ပြီး တံတားကြီး ပြီးစီးသွားပါက နာနတ်တောလမ်းကိုဖြတ်၍ ပြည်လမ်းမကြီး၊ ဗဟိုလမ်းမကြီးနှင့်ဘုရင့်နောင်လမ်းမကြီးတို့ကို အချိန်တိုအတွင်းဖြတ်သန်း သွားလာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ကြေးတော်ကြီးဘုရား ဂန္ဓကုဋိတိုက်စံကျောင်းဆောက်ရန်အလှူငွေပေးအပ် အလှူရှင်များလှူဒါန်းငွေ စုစုပေါင်း ၃၄သိန်းကျော်ရရှိ

**ရန်ကုန် အောက်တိုဘာ ၁၁**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်း ဒေးဒရဲကျောင်းဝင်းအတွင်း၌ ဂန္ဓကုဋိတိုက်စံကျောင်းတော်ကြီးဆောက်လုပ်ရန် ဩဝါဒခံယူပွဲနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်၉နာရီက အဆိုပါဘုရားကြီးတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မဟာစည်သာသနာ့ရိပ်သာ နာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တ ထေရဝံသ(မြန်အောင်)က တရားတော်များ ဟောကြားချီးမြှင့်၍ အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ဆုတောင်းပြည့် ကြေးတော်ကြီးဘုရား ဂန္ဓကုဋိတိုက်စံကျောင်း ဆောက်လုပ်ရန်အတွက် ၂၀၀၃ခုနှစ်နိုဝင်ဘာလမှ အောက်တိုဘာ ၉ရက်အထိ အလှူရှင်များ၏ လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ်၃၄သိန်းကျော်ရရှိထားကြောင်း သိရသည်။ **(၁၉၂)**

# ကိုယ့်နိုင်ငံကို ချစ်မြတ်နိုးပါ

နိုင်ငံနဲ့ လူမျိုးအသီးသီးတို့တွင် မိမိနိုင်ငံနဲ့ မိမိလူမျိုးအတွက် အသက်စွန့်လှုတ်သွားကြသော အာဇာနည်ပုဂ္ဂိုလ်များ ရှိကြပါတယ်။ နိုင်ငံနဲ့လူမျိုးအပေါ် သစ္စာဖောက်ဖျက်သူ အချို့လဲ ရှိတတ်ပါတယ်။ မျိုးချစ်စိတ်ရှိသူများ ရှိသလို တစ်ပါးနိုင်ငံရဲ့ ဩဇာခံလိုသူအချို့လဲ ရှိတတ်ပါတယ်။ မျိုးချစ်စိတ်မရှိလျှင် အမျိုးပျောက်မည်သာ ဖြစ်တယ်။ အမျိုးပျောက်လျှင် နိုင်ငံပါပျောက်မည်သာ ဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့နိုင်ငံနဲ့ မိမိတို့လူမျိုးကို ချစ်မြတ်နိုးတဲ့ စိတ်ဓာတ်ဟာ လူမျိုးတိုင်းထားရှိအပ်သော ဝံသာနုရက္ခိတတရားပင် ဖြစ်ပါတယ်။ တစ်မျိုးသားလုံး စိတ်ဓာတ်နဲ့ အကျင့်စာရိတ္တ မြင့်မားရေးဟာလဲ မျိုးချစ်စိတ်ပင် ဖြစ်ပါတယ်။ မျိုးချစ်စိတ်ရဲ့ ဆန့်ကျင်ဘက်ဟာ တစ်ပါးနိုင်ငံရဲ့ ဩဇာခံစိတ် ဖြစ်တယ်။ အမေကျော်ဒွေးတော်လွမ်းတဲ့စိတ်ဖြစ်တယ်။ မိမိလူမျိုးကိုသစ္စာမဲ့ခြင်း၊ နိုင်ငံနဲ့လူမျိုး ထိခိုက်ဆုတ်ယုတ်အောင် ကြံစည်အားထုတ်ခြင်း၊ မိမိနိုင်ငံနဲ့ မိမိလူမျိုးကို အထင်သေးပြီး တစ်ပါးနိုင်ငံနဲ့လူမျိုးကို အထင်ကြီးခြင်း၊ မိမိနိုင်ငံ အကျိုးကို ဖျက်ဆီးပြီး တစ်ပါးနိုင်ငံကို အကျိုးပြုခြင်းတို့ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ ၁၈၂၄ခုနှစ်တွင် တစ်ကြိမ်၊ ၁၈၅၂ခုနှစ်တွင် တစ်ကြိမ်၊ ၁၈၈၅ခုနှစ်တွင်တစ်ကြိမ် နယ်ချဲ့အင်္ဂလိပ်တို့နဲ့ စစ်သုံးကြိမ်ဖြစ်ပွားပြီး သူ့ကျွန်ဘဝအောက် ကျရောက်ခဲ့ဖူးတယ်။ အဲဒီတုန်းက မြန်မာအချို့ရဲ့ သစ္စာမဲ့ပုံကို မြန်မာစာဆိုရှင်ကြီး အချုပ်တန်းဆရာဖေက မျိုးချစ်ဇာတိမာန်ကဗျာနဲ့ အခုလို ခံစားတုံ့ပြန်ခဲ့ပါတယ်။

"မြန်မာတွေ စည်းကမ်းဖောက်လို့ ထီးနန်းပျောက်ဖြစ်ပြီ၊ မီးကွန်းထောက် အသစ်မှီတယ် ညစ်ပလီလူမျိုး၊ မိပစ်လို့ ဖရောင်သွေသည် ဂွကောင်တွေ ခွေးဖြစ်ပေါ့မျိုး၊ မြန်မာချင်း ကြွားကြချင် ဓားပြသွင်လူဆိုး၊ ကုလားမြင် သူ့အမေရိုးတော့မလို ခုမြေလျှိုး ပုန်းအောင်းရှောင်၊ မိုက်မနော်ပြုမပေးရယ်တို့က သူ့ပထွေးတော့ ခွေးသို့မပေါင်၊ ပြောရောဟဲ့ ရာဇဝင်ပြောင်အောင် စာဇင်တောင်ဦးချလို့၊ ပလူးရ ပြေးကျို့ခါခါ ခွေးသို့ပမာ၊ တွေးမိတိုင်းအရိုးနာသည် အမျိုးပါ ဆဲချင်ပေါ့လေး"

အခုလို အချုပ်တန်းဆရာဖေရဲ့ ဇာတိမာန်ကဗျာဟာ ဒီကနေ့တိုင် မြန်မာပြည်ဖွား တိုင်းရင်းသားတို့ရဲ့ ဇာတိသွေး၊ ဇာတိမာန်ကို ရှင်သန်စေလျက်ရှိပါတယ်။

အခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံကို ဂုဏ်ပျက်အောင် ကုလသမဂ္ဂ အထွေထွေ ညီလာခံကျင်းပကာနီးတွင် ပြည်ပြေးအဆိုးမြင်ဝါဒီ လက်တစ်ဆုပ်စာ မပြည့်သူအချို့ ဆန္ဒပြပွဲလုပ်ပြနေမှုကို BBC, VOA, RFA, DVB သတင်းဌာနတွေမှာ စဉ်ဆက်မပြတ် ထုတ်လွှင့်ပေးလျက် ရှိပါတယ်။ ဒီလက်တစ်ဆုပ်စာ မပြည့်သူတို့ကိုလဲ ဒီမိုကရေစီရေး တိုက်ပွဲဝင်သူများအဖြစ် သိဒ္ဓိတင်ထားပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံရဲ့ တည်ဆဲတပ်မတော်အစိုးရဟာ မူဝါဒလမ်းစဉ် (၇)ရပ် ချမှတ်ပြီး ဒီမိုကရေစီနိုင်ငံတော် ထူထောင်နေပါတယ်။ ဒီလမ်းစဉ် (၇)ရပ်ဟာ အမျိုးသား ပြန်လည်သင့်မြတ်စည်းလုံးရေး၊ ငြိမ်းချမ်းစွာ ဖြစ်ပေါ်တိုးတက်ရေးအတွက် တစ်ခုတည်းသောလမ်းစဉ်လဲ ဖြစ်ပါတယ်။ ဒီလမ်းစဉ်ကို တစ်မျိုးသားလုံး စုပေါင်းလုံ့လပြု အကောင်အထည်ဖော်သွားဖို့ တံခါးဖွင့် ဖိတ်ခေါ်ထားပါတယ်။ တကယ်လို့သာ ပြည်ပြေးအဆိုးမြင် အင်အားစုတွေ အဖို့ ဒီမိုကရေစီနိုင်ငံဖြစ်လိုတယ်ဆိုရင် ဥပဒေဘောင်အတွင်းသို့ လာရောက်ပါဝင် ဆောင်ရွက်ကြဖို့သာ ဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေး သမိုင်းပေးတာဝန်ကို လာရောက် လက်တွဲထမ်းဆောင်သွားဖို့သာ ဖြစ်ပါတယ်။

> **အနောက်သတင်းဌာနတွေဖြစ်တဲ့ BBC, VOA, RFA, DVB စတဲ့ သတင်းဌာနတွေ အနေနဲ့လဲ မြန်မာပြည်သူတွေ အကျိုးကို ထိခိုက်စေတဲ့ ပျက်စီးရာ ပျက်စီးကြောင်း သတင်းတွေကို တစ်ဖက်စောင်းနင်း ထုတ်လွှင့်မည့်အစား မြန်မာပြည်သူ ၅၃သန်းကျော်တို့ အကျိုးဖြစ်ထွန်းမယ့် သတင်းမှန်များကိုသာ ထုတ်လွှင့် သင့်ပါတယ်။**

ဒီမိုကရေစီကျင့်စဉ်ဟာ စီးပွားရေးကုန်လုပ်စွမ်းအားစုတွေ ဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားတဲ့ နိုင်ငံတစ်နိုင်ငံမှာ အမြစ်တွယ် ရှင်သန်လေ့ရှိပါတယ်။ စီးပွားရေး ဆုတ်ယုတ်ကျဆင်းအောင် ပိတ်ဆို့အရေးယူတဲ့ နည်းနဲ့ ဒီမိုကရေစီနိုင်ငံ မထူထောင်နိုင်ပါ။ စက်မှုအရင်းရှင်စနစ် ထွန်းကားလာမှု အပေါ်မှာသာ ဒီမိုကရေစီရှင်သန်ထွန်းကားလာနိုင်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီနိုင်ငံထူထောင်လာခဲ့တဲ့ စက်မှုနိုင်ငံတွေမှာလဲ အခြေခံလူတန်းစားနှစ်ရပ်ဖြစ်တဲ့ အရင်းရှင်နဲ့ အလုပ်သမား လူတန်းစားရယ်၊ အလယ်အလတ် လူတန်းစားနဲ့ အသိပညာရှင်၊ အတတ်ပညာရှင် လူတန်းစားတို့ကို ခိုင်မာဖွံ့ဖြိုးတိုးတက်လာအောင် ဦးစွာကြိုးပမ်းလာခဲ့ရတာဖြစ်ပါတယ်။ အမေရိကန်နိုင်ငံမှာသည်ပင် အမျိုးသမီးများနဲ့ လူမည်းများ မဲဆန္ဒပေးခွင့်ဟာ နှစ်ပေါင်းကြာရှည်စွာ ဖြတ်သန်းစောင့်ဆိုင်းပြီးမှသာ ရလာခဲ့တာဖြစ်ပါတယ်။ အခုရေတွင်းတူး အခုရေကြည် သောက်ဆိုသလို ချက်ချင်းဖြစ်ပေါ်လာတဲ့ ဒီမိုကရေစီ ကမ္ဘာမှာ မပေါ်သေးပါ။ ကာလတစ်ရပ်အထိ အချိန်ယူ ထူထောင်လာခဲ့ရတာချည်း ဖြစ်ပါတယ်။

ဒါကြောင့် ဒီကနေ့ မြန်မာနိုင်ငံတည်ဆဲတပ်မတော်အစိုးရဟာ အရင်းရှင်စနစ်ရဲ့ ဈေးကွက်စီးပွားရေး ပီပြင်စွာ ပေါ်ပေါက်လာရေးကို စတင်ဦးတည် အကောင်အထည်ဖော်လာခဲ့တာ ဖြစ်ပါတယ်။ ဒီအပေါ် ပျက်စီးရာပျက်စီးကြောင်း ပိတ်ဆို့အရေးယူမှု၊ အကျပ်ကိုင်ဖိအားပေးနေမှုတွေဟာ ဒီမိုကရေစီရေးအတွက် မဟုတ်ဘဲ ဂါမိုကရေစီရေးအတွက်သာ ဖြစ်တယ်ဆိုတာ ထင်ရှားနေပါတယ်။

အခုလို မြန်မာနိုင်ငံကို နိုင်ငံတကာတွင် ဂုဏ်ပျက်အောင်လုပ်နေမှုတွေဟာ –

(၁) အနောက်ဒီမိုကရေစီကို ချက်ချင်းပုံတူကူးဖို့လား၊

(၂) ပြည်ပနိုင်ငံကြီးအချို့ အလိုကျလုပ်ပြပြီး ကိုယ်ကျိုးစီးပွားဖန်တီးဖို့လား၊

(၃) အာဏာကို ဖြတ်လမ်းက ရဖို့ကြံစည်တာလား။

ဒီသုံးခုထဲက တစ်ခုခုသာ ဖြစ်နေပါလိမ့်မယ်။ ဒီမိုကရေစီနိုင်ငံကြီးတွေပါဆိုတဲ့ နိုင်ငံတွေအဖို့လဲ ပြည်ပြေးလက်တစ်ဆုပ်စာမပြည့်သူတွေ အကျိုးနဲ့ ၅၃သန်းကျော်ရှိသော မြန်မာပြည်သူတို့ရဲ့အကျိုးကို ခွဲခြားနားလည်ဖို့ လိုပါတယ်။ မြန်မာပြည်သူတွေ အကျိုးပျက်အောင် ဖန်တီးနေတဲ့ လက်တစ်ဆုပ်စာ မပြည့်သူတွေ ဂုဏ်တက်ဖို့အတွက် ၅၃သန်းကျော်သော မြန်မာပြည်သူတွေ ဂုဏ်မပျက်စေသင့်ပါ။ ၅၃သန်းကျော်သော မြန်မာပြည်သူတစ်ရပ်လုံး အကျိုးကို လိုလားတယ်ဆိုရင် လက်တစ်ဆုပ်စာမပြည့်တဲ့ ပြည်ပြေးအဆိုးမြင်ဝါဒီများကို အရေးယူဖယ်ရှားသွားဖို့ဖြစ်ပါတယ်။ မြန်မာရဲ့အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ အာရှနဲ့ နိုင်ငံတကာ မိတ်ဆွေနိုင်ငံများကတော့ ၅၃သန်းကျော်သော မြန်မာပြည်သူတို့ရဲ့ အကျိုးကိုသာ ရှေးရှုရပ်တည်ကြပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံကို ၎င်းတို့ရဲ့ ဩဇာခံလုပ်လိုတဲ့ နိုင်ငံကြီးအချို့ဟာ ပြည်ပြေးအဆိုးမြင် လက်တစ်ဆုပ်စာမပြည့်သူတွေဘက်က ရပ်တည်ကောင်း ရပ်တည်နိုင်ပါတယ်။

အထူးသဖြင့် **အနောက်သတင်းဌာနတွေဖြစ်တဲ့ BBC, VOA, RFA, DVBစတဲ့ သတင်းဌာနတွေအနေနဲ့လဲ မြန်မာပြည်သူတွေအကျိုးကို ထိခိုက်စေတဲ့ ပျက်စီးရာပျက်စီးကြောင်း သတင်းတွေကို တစ်ဖက်စောင်းနင်း ထုတ်လွှင့်မည့်အစား မြန်မာပြည်သူ ၅၃သန်းကျော်တို့ အကျိုးဖြစ်ထွန်းမယ့် သတင်းမှန်များကိုသာ ထုတ်လွှင့်သင့်ပါတယ်။**

ဘာကြောင့်လဲဆိုတော့ သတင်းလွတ်လပ်မှုဆိုတာ တစ်ပါးနိုင်ငံကို ပျက်စီးရာပျက်စီးကြောင်း ဖန်တီးဖို့မဟုတ် အကျိုးဖြစ်ထွန်းရေးအတွက်သာ ရှေးရှုရမယ် ဖြစ်တယ်။

ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံတွင် သတင်းလွတ်လပ်မှုကို အခြေခံဥပဒေအရ ခွင့်ပြုကြရတယ်။ သတင်းသမားတို့အပေါ် ချုပ်ချယ်မှုမပြုကြ၊ သတင်းသမားတို့ကလဲ ပြည်သူ့အကျိုးအတွက် ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေကို မဆန့်ကျင်ရပေ။ သတင်းလွတ်လပ်မှုကို ပိတ်ပင်ထားပါက ပြည်သူတို့အား နား၊ မျက်စိပိတ်တဲ့ ဘဝသို့ ရောက်သွားစေတယ်။ ပြည်သူတို့ အသိဉာဏ်ဗဟုသုတ တိုးပွားစေရေးအတွက် သတင်းလွတ်လပ်ခွင့် လိုအပ်တယ်။ ဒါပေမယ့် သတင်းသမားတို့ကလဲ သတင်းလွတ်လပ်ခွင့်ကို အခွင့်ကောင်းယူပြီး ဘက်လိုက်သတင်းများ၊ သူတစ်ပါးကို အကြောင်းမဲ့ အကျိုးပျက်စေသော သတင်းများ၊ စည်းမဲ့ကမ်းမဲ့ သတင်းများ၊ လုပ်ကြံသတင်းများ၊ အချေအမြစ်မရှိတဲ့ အတင်းအဖျင်းသတင်းများကို လုံးဝ ရှောင်ကြဉ်ရမယ်။ အထူးသဖြင့် သတင်းများတွင် အဂတိတရားလေးပါး ကင်းရမယ်လို့ နိုင်ငံရေးသုတေသီတို့က ဆိုပါတယ်။

ဒီကနေ့ အနောက်သတင်းဌာနများဖြစ်တဲ့ BBC, VOA, RFA, DVB တို့ဟာ ကမ္ဘာ့ကုလသမဂ္ဂပဋိညာဉ် စာတမ်းကို ဖောက်ဖျက်ပြီး အီရတ်နိုင်ငံအပေါ် တရားမဝင်ကျူးကျော်သိမ်းပိုက်တဲ့ အမေရိကန်နိုင်ငံကို အကောင်းမြင်တင်ပြနေပြီ။ မိမိတို့လူမှုဘဝနဲ့ ကိုက်ညီမှန်ကန်စွာ ဒီမိုကရေစီနိုင်ငံထူထောင်နေတဲ့ မြန်မာနိုင်ငံအပေါ် ပျက်စီးရာပျက်စီးကြောင်း အဆိုးမြင်သက်သက် ထုတ်လွှင့်နေမှုတွေဟာ သတင်းသမားတို့ ကျင့်ဝတ်သိက္ခာနဲ့ညီညွတ်ပါရဲ့လား။ သတင်းသမားတို့ရဲ့ မှန်ကန်တိကျပြီး ဘက်မလိုက်သော သတင်းများဖြစ်ရေးဆိုတဲ့ အခြေခံမူဝါဒနဲ့ ကိုက်ညီပါရဲ့လား။ အဂတိမကင်းတဲ့ သတင်းတွေဟာ ပြည်သူတွေအဖို့ အဆိပ်အတောက်သာ ဖြစ်ပါတယ်။

**ဒီကနေ့ မြန်မာတစ်မျိုးသားလုံးရဲ့ အကျိုးစီးပွားဟာ မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ ဒီမိုကရေစီနိုင်ငံတော်ကို သင့်မြတ်စည်းလုံးစွာ ထူထောင်သွားဖို့ဖြစ်ပါတယ်။ ဒီအပေါ် ဆန့်ကျင်ဖျက်ဆီးနေမှုမှန်သမျှဟာ အမျိုးသားရေး အဖျက်လုပ်ရပ်များသာ ဖြစ်ပါတယ်။** ဒါကြောင့် ဒီကနေ့လို အချိန်အခါမျိုးမှာ မြန်မာပြည်ဖွား တိုင်းရင်းသားမှန်သမျှ ကိုယ့်နိုင်ငံကို ချစ်ပါလို့ အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

**အောင်မိုးခံ**



**စက်တင်ဘာ ၂၇ရက်က လမ်းမတော်မြို့နယ် အမှတ် (၉) ရပ်ကွက် ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်တိုး၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်နှင့် ရပ်ကွက်ရာအိမ်မှူး ဦးတင်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**
(ခရိုင် ပြန်/ဆက်)

ဒွါဒသမအကြိမ်(၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အကြိုဂုဏ်ပြုကဗျာ

## ပွင့်လန်းမွှေးကြိုင် နံ့သာမြိုင်

* လူသားအစ၊ မြန်မာကဟု
ကာလရေရှည်၊ အခြေတည်ခဲ့
ရွှေပြည်တော်သစ်၊ ယနေ့ခေတ်ဝယ်
ဖွင့်လှစ်ဖော်ဆောင်နိုင်ခဲ့ပြီ...။

* နှစ် နှစ်ထောင်ကျော်၊ ဂုဏ်ရောင်မော်သည့်
တွေးခေါ်စုလာ၊ နုပညာနှင့်
မုဒြာကခုန်၊ ဂီတစုံခဲ့
လှုဂုဏ်တင့်ဆန်း၊ ဆယ်မျိုးပန်းတို့
ပွင့်လန်းမွှေးကြိုင်၊ နံ့သာမြိုင်နှယ်
ဒို့နိုင်ငံတော်၊ ကမ္ဘာပေါ်တွင်
မော်ကြွားထည်ဝါနေခဲ့သည်...။

* အဆိုအက၊ ရေးတီးကြဖို့
မြန်မာ့တူရိယာ၊ ကိုယ်ပိုင်ပါတည့်
ရိုးရာစစ်စစ်၊ ဖန်တီးချစ်ကြ
မွေနှစ်မွှန်မြတ်၊ မြတ်နိုးတတ်စေ
ပေးအပ်လို့သွား၊ ဒို့ဘိုးဘွားကို
လေးစားဂုဏ်ယူမဆုံးနိုင်ပြီ...။

* ကြေးကြိုးသားရေ၊ လေလက်ခုပ်မှ
သရုပ်မှန်ကန်၊ ကိုယ့်မူဟန်နှင့်
သံစဉ်ခုနစ်ပါး၊ တေးမွှန်များစွာ
မွေးဖွားပေးဆက်၊ ဆိုကတွက်တည့်
နုညက်မုဒြာ၊ မတုသာအောင်
ရှုရာမဝ၊ မြန်မာအလှ...။

* ခေါင်းခါး၊ ခြေလက်၊ ကကြိုးဆက်ပြီး
စည်းဖနောင့်ထား၊ ပျောက်ဖဝါးနှင့်
ဟန်များခြေခံ၊ သန္ဓေမှန်ခဲ့
နိုင်ငံနှင့်လူမျိုး၊ ဂုဏ်ရည်တိုးဖို့
မြတ်နိုးစဉ်သာ၊ ထိန်းသိမ်းလာသည့်
ရိုးရာဝှဲချီး၊ အောင်ပွဲကြီးကို
နွှဲပြီးပျော်ရွှင်ကြစေသတည်း...။ ။

**ပျဉ်းမနားမြင့်လှိုင်**

## အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့အထိမ်းအမှတ် သက်ကြီးပူဇော်၊ ကျန်းမာရေးစောင့်ရှောက်မှုပေး

**ရန်ကုန် အောက်တိုဘာ ၁၁**

မြောက်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် သက်ကြီးပူဇော်ပွဲကို အောက်တိုဘာ ၉ရက် နံနက်က မယ်လမုစေတီဝင်း ရှင်အာနန္ဒာစာကြည့်တိုက်တွင် ကျင်းပသည်။

အခမ်းအနားတွင် သက်ကြီးရွယ်အိုများအား လက်ဆောင်ပစ္စည်းများဖြင့် လှူဒါန်း ပူဇော်ကန်တော့ကြသည်။ ထို့နောက် ဘိုးဘွားများအားဒေါက်တာဒေါ်လှမာလာ(မျက်စိအထူးကု)၊ဦးသန့်ဇာနည်ဇေယျ (နား၊ နှာခေါင်း၊ လည်ချောင်း အထူးကု)၊ ဒေါက်တာဒေါ်အေးအေးမြင့် (သွားအထူးကု)၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ၊ တက္ကသိုလ်များဆေးရုံအုပ် ဒေါက်တာ ဒေါ်မြသန်း၊ ဒေါက်တာ ဒေါ်ခင်သန်းဝင်းတို့က အထွေထွေရောဂါများ ကုသပေးပြီး ကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့သည်။ **(က–ပ)**

# ဖော်လူဂျာ၌ လက်ထပ်မင်္ဂလာပွဲကျင်းပသည့်အိမ် ကန်တို့လေကြောင်းမှ တိုက်ခိုက်၍ သတို့သားသေဆုံး၊ သတို့သမီးဒဏ်ရာရ

ဖော်လူဂျာ အောက်တိုဘာ ၉

**အီရတ်နိုင်ငံ ဖော်လူဂျာမြို့ရှိ လက်ထပ်မင်္ဂလာပွဲကျင်းပသည့် အိမ်တစ်အိမ်ကို သောကြာနေ့၌ အမေရိကန်တို့က လေကြောင်းမှတိုက်ခိုက်ခဲ့သဖြင့် သတို့သားသေဆုံးပြီး သတို့သမီးဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံများက ပြောကြားသည်။**

ယင်းသို့ တိုက်ခိုက်မှုကြောင့် အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် လူ၁၁ဦး သေဆုံးပြီး ၁၇ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံများနှင့် ဆရာဝန်များက ပြောကြားသည်။

## တိုက်ခိုက်

ဒဏ်ရာရရှိသူများတွင် အသက် ၅နှစ်နှင့် ၅၀ကြား ရှိ အမျိုးသမီး ကိုးဦးပါရှိကြောင်း ဆရာဝန် ခါလက်နာဆာက ပြောဆိုခဲ့သည်။ အမေရိကန်စစ်လေယာဉ်များသည် ဖော်လူဂျာမြို့တွင်း၌ အီရတ်ခေါင်းဆောင် အယ်လ်ဇာကာဝီ၏ နောက်လိုက်များခိုအောင်းပြီး လျှို့ဝှက်အစည်းအဝေးပြုလုပ်ရာနေရာဟု မသင်္ကာသောလူနေအိမ်များကို လေကြောင်းမှ တိုက်ခိုက်ခဲ့ကြသည်။

## သေဆုံး

ယင်းသို့ အမေရိကန်စစ်လေယာဉ်များက တိုက်ခိုက်သဖြင့် မြို့တွင်းရှိ အပြစ်မဲ့အရပ်သားအများအပြား သေဆုံးခဲ့ကြရကြောင်း ဒေသခံများနှင့် ဆေးရုံဆရာဝန်များက ပြောကြားသည်။

**(အင်တာနက်)**



## ပျက်စီး

**ဖော်လူဂျာမြို့အား အမေရိကန်တပ်ဖွဲ့ဝင်များက လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော အိမ်တစ်လုံးကို အောက်တိုဘာ ၈ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ဗြိတိသျှအာမခံ ကင်ဘစ်ဂလီ အသတ်ခံရ

**လန်ဒန် အောက်တိုဘာ ၉**

လွန်ခဲ့သည့်လ၌ ဘဂ္ဂဒက်တွင် ပြန်ပေးဆွဲခြင်းခံခဲ့ရသော ဗြိတိသျှ ဓားစာခံ ကင်ဘစ်ဂလီ အသတ်ခံလိုက်ရပြီဖြစ်ကြောင်း အစိုးရသတင်းရပ်ကွက်များကို ကိုးကား၍ စတိုင်းရုပ်မြင်သံကြားက ယနေ့သတင်းထုတ်လွှင့်ခဲ့သည်။

ထိုသို့ ကင်ဘစ်ဂလီ အသတ်ခံရသည်ဆိုခြင်းနှင့်စပ်လျဉ်း၍ ဒေါင်းနင်းလမ်းရှိ ဝန်ကြီးချုပ်တိုနီဘလဲ၏ရုံးသို့ အေအက်ဖ်ပီက ဆက်သွယ်စုံစမ်းကြည့်ရာ ဝေဖန်ပြောကြားခြင်းမပြုသော်လည်း ဘစ်ဂလီသေဆုံးသည်ဆိုသော အဘူဒါဘီရုပ်မြင်သံကြားက ထုတ်လွှင့်ခဲ့သည့်သတင်းကို စုံစမ်းနေကြောင်း ပြောဆိုသည်။ ဘဂ္ဂဒက်ရှိ ဗြိတိသျှသံရုံးက ဘစ်ဂလီသေဆုံးသည်ဆိုသောသတင်းကို အတည်ပြုရန်သို့မဟုတ်ငြင်းဆိုရန်အဆောတလျင်ကြိုးစားနေကြောင်း သောကြာနေ့က ပြောဆိုခဲ့သည်။ အသက် ၆၂နှစ်အရွယ်ရှိ ဘစ်ဂလီသည် အခြားအမေရိကန် အဖော်နှစ်ဦးနှင့်အတူ စက်တင်ဘာ ၁၆ ရက်၌ ပြန်ပေးဆွဲခြင်းခံခဲ့ရသည်။ ၎င်းနှင့် အဖမ်းခံရသောအမေရိကန်နှစ်ဦးမှာမူ ဖမ်းဆီးထားသူများက သတ်ဖြတ်ခဲ့ပြီးဖြစ်သည်။ **(အင်တာနက်)**

# အီရတ်ကို အမေရိကန်တို့ ကျူးကျော်တိုက်ခိုက်ခြင်းမပြုမီကပင် တားမြစ်လက်နက်များမရှိခဲ့ဟု လက်နက်စစ်ဆေးရေးအဖွဲ့ခေါင်းဆောင် ပြောကြားခဲ့

ဝါရှင်တန် အောက်တိုဘာ ၁၀

**၂၀၀၃ ခုနှစ် မတ်လ၌ အီရတ်နိုင်ငံကို အမေရိကန်ပြည်ထောင်စု ကျူးကျော်တိုက်ခိုက်ခြင်းမပြုမီကပင် တားမြစ်ထားသော လက်နက်များ (ဒဗလျူအမ်ဒီ)အီရတ်၌ မရှိခဲ့ကြောင်း အီရတ်ရှိ အမေရိကန်လက်နက်စစ်ဆေးရေးအဖွဲ့ အကြီးအကဲက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။**

အီရတ် စူးစမ်းလေ့လာရေးအုပ်စု အကြီးအကဲချားလ်စ်ဂျူဖြာက အထက်လွှတ်တော်ကော်မတီသို့ အကျဉ်းချုံးတင်ပြရာတွင် ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

ချားလ်စ်ဂျူဖြာက အီရတ်ခေါင်းဆောင်ဟောင်း ဆက်ဒမ်ဟူစိန်၏ လက်နက်များစွမ်းဆောင်နိုင်စွမ်းသည် ကုလသမဂ္ဂက ၁၂နှစ်ကြာ ပိတ်ဆို့အရေးယူခဲ့ပြီးသည့် နောက်ပိုင်း ပျက်စီးသွားခဲ့ကြောင်း မိမိတွေ့ရှိခဲ့ရသည်ဟု အထက်လွှတ်တော်ကော်မတီ၌ ပြောကြားခဲ့ရာ အီရတ်အား စစ်ပွဲမဆင်နွှဲမီက သမ္မတဂျော့ဒဗလျူဘုရှ်နှင့် အစိုးရအရာရှိများ ထုတ်ပြန်ခဲ့သည့် ကြေညာချက်များနှင့် သိသာစွာ ကွဲပြားခြားနားခဲ့သည်။

## မမျှော်လင့်

အီရတ်ရှိ တားမြစ်လက်နက် ရှာဖွေရေးအဖွဲ့ခေါင်းဆောင် စီအိုင်အေ အထူးအကြံပေးပုဂ္ဂိုလ်ဂျူဖြာက အီရတ်တွင် တားမြစ်လက်နက်များ သိုလှောင်သိမ်းဆည်းထားသည်ဟု မိမိမမျှော်လင့်ခဲ့ကြောင်း ပြောကြားခဲ့သည်။ ၎င်းက အီရတ်၏ နျူကလီးယားလက်နက်အစီအစဉ်သည် ၁၉၉၁ ခုနှစ် ပင်လယ်ကွေ့ စစ်ပွဲကစပြီး ပျက်စီးခဲ့ကြောင်း၊ သို့ရာတွင် ဆက်ဒမ်သည် ၎င်း၏နျူကလီးယား ရည်မှန်းချက်ကို မစွန့်လွှတ်ခဲ့ရာ အီရတ်၌တားမြစ်လက်နက်များ ရှာမတွေ့သည့်တိုင်အောင် ဆက်ဒမ်သည် ခြိမ်းခြောက်မှုရှိသည်ဆိုသော ဘုရှ်၏ဆင်ခြေပေးမှုကို အထောက်အကူ ဖြစ်စေခဲ့ပုံရကြောင်း ဂျူဖြာက ပြောကြားခဲ့သည်။

ဂျူဖြာ၏ရှာဖွေတွေ့ရှိချက် အစီရင်ခံစာသည် စာမျက်နှာ ၁၀၀၀ ကျော်ပါရှိပြီး အက်ဖ်ဘီအိုင်က ဆက်ဒမ်ဟူစိန်အား စစ်မေးမှုများအပေါ် အခြေခံသောအကဲဖြတ်ချက်များကို ထည့်သွင်းထားသည်။

**အမ်အင်အေ၊ဆင်ဟွာ**



## စောင့်ကြပ်

**ဘဂ္ဂဒက်မြို့လယ်တွင် ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားသည့်နေရာ၌ လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို အောက်တိုဘာ ၅ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

# အယ်လ်ဆာဒါ၏လက်ထောက်အရာရှိအား အမေရိကန်စစ်ဘက်က ပြန်လွှတ်ပေး

ဘဂ္ဂဒက် အောက်တိုဘာ ၉

**အီရတ်ခေါင်းဆောင် မော့ဇာဒါအယ်လ်ဆာဒါ၏ထိပ်တန်း လက်ထောက်အရာရှိတစ်ဦးကို အမေရိကန်စစ်ဘက်ဆိုင်ရာက ပြန်လွှတ်ပေးလိုက်သည်။**

ဇန်နဝါရီလ၌ ကျင်းပမည့် ရွေးကောက်ပွဲများမတိုင်မီ အီရတ်ခုခံတိုက်ခိုက်ရေးသမားတို့၏ အခိုင်အမာပြုရာနေရာများ ငြိမ်းအေးစေရန် ကြားဖြတ်အစိုးရ ကြိုးပမ်းမှုကို ယင်းသို့လွှတ်ပေးလိုက်သည့်အတွက် အထောက်အကူဖြစ်စေနိုင်သည်ဟု ဆိုသည်။

## တစ်နှစ်နီးပါး

အယ်လ်ဆာဒါ၏ ထိပ်တန်းလက်ထောက်အရာရှိ မိုအေယက်ဒ်အယ်လ်ခါဇရာရာဂျီအား ဆာဒါနှင့် ရင်းနှီးသော အခြားသူများနှင့်အတူ ဖမ်းဆီးထားခဲ့သည်မှာ တစ်နှစ်နီးပါး ရှိခဲ့ပြီဖြစ်သည်။

## ထိန်းချုပ်ခွင့်

အီရတ်ခေါင်းဆောင် အယ်လ်ဆာဒါသည် သူ၏အဆင့်မြင့် လက်ထောက်အရာရှိများကို လွှတ်ပေးရန် တောင်းဆိုခဲ့ပြီး သဘောတူချက်၏ သတ်မှတ်ချက်တစ်ခုအဖြစ် ဆာဒါစီးတီးကို အီရတ်လုံခြုံရေးတပ်များအား ဆာဒါစီးတီးကို ထိန်းချုပ်ခွင့်ပေးရမည်ဖြစ်ကြောင်း ဆာဒါ၏လက်ထောက်အရာရှိများက ပြောကြားခဲ့သည်။

## တောင်းဆို

ထိုသို့ဆိုသော်လည်း အီရတ်ကြားဖြတ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်အလာဝီက ဆာဒါ၏မီဒီတပ်ဖွဲ့ဝင်များ လက်နက်စွန့်လွှတ်ပြီး လမ်းများအတွင်းမှ ဆုတ်ခွာထွက်ပေးကြရန် မရမက တောင်းဆိုခဲ့သည်။

အဖွဲ့အစည်းနှစ်ခုစလုံးက ၎င်းတို့ သဘောတူညီချက် တစ်စုံတစ်ရာ မရရှိကြောင်း ပြောဆိုကြသည်။

**(အင်တာနက်)**

# အီရတ်၌ တိုက်ပွဲများဖြစ်ပွားစဉ် အပြစ်မဲ့အရပ်သားများသေဆုံးခဲ့ရ

ဘဂ္ဂဒက် အောက်တိုဘာ ၈

**အီရတ်နိုင်ငံ၌ လတ်တလောဖြစ်ပွားနေသော အခြေအနေအရ အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များက အီရတ်လက်နက်ကိုင် ခုခံတိုက်ခိုက်သူများကို ချေမှုန်းတိုက်ခိုက်ရာတွင် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ သေဆုံးကြရသကဲ့သို့ အီရတ်ပြည်သူများလည်း အသက်ဆုံးရှုံးနေကြရသည်။**

## ပိတ်မိ

**တိုက်ပွဲအတွင်း အပြစ်မဲ့အီရတ်ပြည်သူများ ဒဏ်ရာရ သေဆုံးခဲ့ကြောင်း၊ အပြန်အလှန် ပစ်ခတ်မှုများအကြားတွင် အီရတ်ပြည်သူတို့ ပိတ်မိနေခဲ့ရာ ၎င်းတို့မှာ ခက်ခဲသည့် အခြေအနေနှင့် ရင်ဆိုင်ခဲ့ရကြောင်း ပြောကြားသည်။**

(စီအင်န်အင်န်)

# အီရတ်စစ်ပွဲအား အကြမ်းဖက်မှု ဆန့်ကျင်သည့်စစ်ပွဲအဖြစ် ဘုရှ်အစိုးရ ပြောဆိုမှုကြောင့် မေးခွန်းများထွက်ပေါ်

**ဘဂ္ဂဒက် အောက်တိုဘာ ၉**

အီရတ်စစ်ပွဲ အရေးကိစ္စနှင့်ပတ်သက်ပြီး အမေရိကန်သမ္မတဘုရှ်အစိုးရက အကြမ်းဖက်မှုကို ဆန့်ကျင်သည့် စစ်ပွဲအနေဖြင့် ဆွဲယူပြောကြားခဲ့ခြင်းကြောင့် မေးခွန်းအသစ်များ ထပ်မံပေါ်ထွက်လာခဲ့သည်။

## ထုတ်ပြန်မည်

အီရတ်နိုင်ငံနှင့် အာဖဂန်နိုင်ငံတို့တွင် ကျင်းပမည့် ရွေးကောက်ပွဲများ၏ အလားအလာနှင့်ပတ်သက်ပြီး မသေချာမှုအချို့ ပေါ်ပေါက်လာသည်။

အီရတ် စစ်ပွဲမဖြစ်ခင်က စွပ်စွဲပြောကြားခဲ့သော အီရတ်ရှိ တားမြစ်လက်နက်များနှင့်ဆိုင်သော အစီရင်ခံစာတစ်စောင် ထုတ်ပြန်တော့မည်ဖြစ်သည်။

## သေဆုံး

ဤအတောအတွင်း ယူဖရေးတီးမြစ်ရိုးရှိ အနန်မြို့မှ အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့က ရဲစခန်းကို အသေခံကားဗုံးခွဲ တိုက်ခိုက်ခံရခြင်းကြောင့် အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့ဝင် ၁၂ဦး သေဆုံးသွားခဲ့သည်။

**(စီအင်န်အင်န်)**

# ဘဂ္ဂဒက်မြောက်ပိုင်း၌ တိုက်ပွဲဖြစ်ပွား ကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် အောက်တိုဘာ ၉

**အီရတ်နိုင်ငံမြောက်ပိုင်း၌ သောကြာနေ့က ကင်းလှည့်လာသော အမေရိကန်စစ်ယာဉ်တစ်စီး တိုက်ခိုက်ခံရမှုကြောင့် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ပြီး အခြားတစ်ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။**

သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသည် တိုက်ပွဲ၌သေဆုံးခဲ့ခြင်း ဖြစ်ပြီး အခြားတစ်ဦးမှာ အောက်တိုဘာ ၈ရက်က ဒေသစံတော်ချိန် ၁၁နာရီ ၄၃မိနစ်တွင် တုဇ်မြို့အနီး ကင်းလှည့်စဉ် အီရတ်ဆန့်ကျင်ရေးတပ်ဖွဲ့က တိုက်ခိုက်မှုကြောင့် ဒဏ်ရာရခဲ့ခြင်း ဖြစ်သည်။

တုဇ်သည် ဘဂ္ဂဒက်မြို့မှ ကီလိုမီတာ၂၀၀ခန့်ဝေးပြီး ကာ့ဒ်များ၊ အာရပ်များ၊ တာ့ခ်မင်များ နေထိုင်ရာဒေသ ဖြစ်သည်။ ၂၀၀၃ ခုနှစ်မတ်လမှစပြီး အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ အောက်တိုဘာ၆ရက်အထိ ၁၀၆၄ဦး ရှိသွားပြီဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## ဖော်လူဂျာ၌အပစ်အခတ်ရပ်စဲရေး သဘောတူချက် နှစ်ရပ်ရရှိ

**ဘဂ္ဂဒက် အောက်တိုဘာ ၉**

အီရတ်ခုခံ တိုက်ခိုက်ရေးသမားများနှင့် ဖော်လူဂျာ၌ဖြစ်ပွားနေသော တိုက်ခိုက်မှုများအဆုံးသတ်ရေးအတွက် အပစ်အခတ်ရပ်စဲရေးသီးခြား သဘောတူချက်နှစ်ရပ်ကို စနေနေ့က ရရှိခဲ့ကြောင်း အီရတ်သတင်းရပ်ကွက်များက စနေနေ့၌ ပြောကြားသည်။

### လျော်ကြေးပေး

ထို့ပြင်အဆိုပါဘောတူချက်သည်လမျာ:စွာ လက်နက်ကိုင်ပဋိပက္ခမှုများကြောင့် ပျက်စီးခဲ့ရသည်များကို ပြန်လည်ပြင်ဆင်ပေးရန်နှင့် စစ်ဆင်မှု ဒဏ်ခံခဲ့ရသည်များအတွက်လျော်ကြေး ပေးရန် ကတိပြုထားသည်။

### ပြောကြား

စေ့စပ် ဆွေးနွေးသူ အလီဂျူမေလီက ဖော်လူဂျာမြို့တွင်းသို့ အီရတ်ရဲအဖွဲ့နှင့် တပ်ဖွဲ့ဝင်တို့ကိုသာ ဝင်ခွင့်ပေးမည်ဖြစ်ပြီး အမေရိကန်တပ်ဖွဲ့များကို ဝင်ခွင့်ပေးမည် မဟုတ်ကြောင်း ပြောကြားသည်။ **(အင်တာနက်)**



### ဆေးကုသမှုခံယူ

**ဖော်လူဂျာမြို့အား အမေရိကန်တပ်ဖွဲ့ဝင်များက လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သော အီရတ်တစ်ဦး ဆေးရုံ၌ ဆေးကုသမှုခံယူနေသည်ကို အောက်တိုဘာ ၈ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

# ဖမ်းဆီးခံရသောဂျော်ဒန်နိုင်ငံသားအတွက် ပြန်ပေးဆွဲသူများက ၄၈နာရီထပ်မံအချိန်ပေး

**အမ္မာန် အောက်တိုဘာ ၉**

အီရတ် နိုင်ငံတွင် ဓားစာခံအဖြစ် ပြန်ပေးဆွဲခံထားရသော ဂျော်ဒန်နိုင်ငံသားတစ်ဦးအတွက် ပြန်ပေးသမားများက ၎င်းကို ပြန်ရွေးငွေအဖြစ် သူတို့အား ပေးဆောင်ရမည့် နောက်ဆုံးအချိန်ကို နောက်ထပ် ၄၈နာရီ ထပ်မံ တိုးချဲ့ပေးလိုက်ကြောင်း ဂျော်ဒန်နိုင်ငံထုတ် ဂျော်ဒန်တိုင်းမ် သတင်းစာက သောကြာနေ့တွင် သတင်းဖော်ပြလိုက်သည်။

ဓားစာခံအဖြစ် ဖမ်းဆီးခံထားရသူ ဟိုင်ဆန် အီဇာ၏မိသားစုက ပြန်ပေးသမားများ တောင်းဆိုထားသည့်ငွေ အမေရိကန်ဒေါ်လာ ၅၀၀၀၀၀ ကို ပေးဆောင်ရေး ငွေကြေးစုဆောင်းရန်ကြိုးစားနေကြကြောင်းလည်း အဆိုပါသတင်းစာက ဖော်ပြသည်။

ဓားစာခံအဖြစ် အဖမ်းခံထားရသည့် အီဇာ၏ အစ်ကိုဖြစ်သူက ပြောကြားရာတွင် မိမိတို့အနေဖြင့် စုဆောင်းရသောငွေ အမေရိကန်ဒေါ်လာ ၁၅၀၀၀သာရရှိကြောင်း ပြောဆိုခဲ့သော်လည်း ပြန်ပေးသမားများက ယခုထက်ပိုမို ပေးဆောင်ရမည်ဟု ပြောဆိုခဲ့သည်။ အသက် ၅၆နှစ်ရှိပြီဖြစ်သော ဂျော်ဒန်နိုင်ငံသား ဓားစာခံအီဇာမှာ အီရတ်တွင် အခြေစိုက်ထားသော ဂျော်ဒန်သယ်ယူပို့ဆောင်ရေးကုမ္ပဏီတစ်ခုတွင်တာဝန်ထမ်း ဆောင်နေသော ဝန်ထမ်းတစ်ဦးဖြစ်ပြီး ပြီးခဲ့သည့်တနင်္ဂနွေနေ့က ဓားစာခံ အဖြစ် ဖမ်းဆီး ခံခဲ့ရခြင်းဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အီရတ်အရေးကိစ္စတွင် ဘုရှ်သည်ဆင်ခြင်တုံတရားကင်းမဲ့ခဲ့ကြောင်း ကယ်ရီဝေဖန်

ဝါရှင်တန် အောက်တိုဘာ ၉

**အမေရိကန်သမ္မတဘုရှ်နှင့် ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီတို့ အမေရိကန်ပြည်ထောင်စု မစ်ဆူရီပြည်နယ်ရှိ ဝါရှင်တန်တက္ကသိုလ်တစ်ခုတွင် ဒုတိယအကြိမ်စကားစစ်ထိုးပွဲပြောဆိုရာ၌ ဘုရှ်က အမေရိကန်ဦးဆောင်သော အီရတ်စစ်ပွဲနှင့်ပတ်သက်၍ သူ၏နိုင်ငံခြားရေးမူဝါဒကို ကာကွယ်ပြောကြားခဲ့သည်။**

အီရတ်စစ်ပွဲ ဆင်နွှဲခဲ့ခြင်းနှင့်ပတ်သက်၍ အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်ကို ဖယ်ရှားခဲ့ခြင်းသည် ကုလသမဂ္ဂအကျိုးကို မထိခိုက်စေခဲ့ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် အီရတ်နှင့် အာဖဂန်နစ္စတန်ကိစ္စရပ်များအပေါ်တွင် ကမ္ဘာ့အသိုင်းအဝိုင်းနှင့်အတူ အမေရိကန်က ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဘုရှ်က ပြောကြားခဲ့သည်။

### ရင်ဆိုင်ကြုံတွေ့

ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီကပြောကြားရာတွင် အီရတ်အရေးကိစ္စနှင့်ပတ်သက်၍ဘုရှ်သည်မှန်ကန်သောလုပ်ဆောင်မှုမရှိကြောင်းနှင့် ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြုလုပ်ခဲ့ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ယနေ့ကမ္ဘာကြီးတွင် အန္တရာယ်များနှင့် ပိုမိုရင်ဆိုင်ကြုံတွေ့ရခြင်းကြောင့်ဖြစ်ကြောင်း ပြောကြားသည်။

### မှားယွင်း

ထို့ပြင် အီရတ်၌ တားမြစ်လက်နက်များရှိနေသည်ကို ဖယ်ရှားရန်ဖြစ်စေ၊ အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်ကိုဖယ်ရှားရန်ဖြစ်စေ ကုလသမဂ္ဂခွင့်ပြုချက်ကို ယူရမည်ဖြစ်ကြောင်းနှင့် မှားယွင်းသော စစ်ပွဲတစ်ပွဲကို ဘုရှ်ဆင်နွှဲခဲ့ကြောင်း ကယ်ရီကဝေဖန်ပြောကြားခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အဓိကကျသော လုံခြုံရေးစိန်ခေါ်မှုများ အီရတ်လုံခြုံရေးတပ်များ နှစ်များစွာတိုင်ဖြေရှင်းနိုင်မည်မဟုတ်

**ဘဂ္ဂဒက် အောက်တိုဘာ ၁၀**

အီရတ်လုံခြုံရေးတပ်များသည် အဓိကကျသော လုံခြုံရေးစိန်ခေါ်မှုများကို နှစ်များစွာကြာအောင်ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းရှိမည်မဟုတ်သည့်ပြင် ဇန်နဝါရီ၌ ကျင်းပမည့် ရွေးကောက်ပွဲများမတိုင်မီ အီရတ်ခုခံတိုက်ခိုက်ရေးသမားများ၏ အခိုင်အမာစခန်းများကို ချေမှုန်းရရှိနိုင်စွမ်းရှိမည်မဟုတ်ကြောင်း အီရတ်အဆင့်မြင့် အရာရှိများနှင့် နိုင်ငံရေးသမားများက ယခုသီတင်းပတ်ထဲ၌ ပြောကြားခဲ့ကြသည်။

### ပူးပေါင်းခဲ့

ဧပြီလထဲ၌ အသစ်ဖွဲ့စည်းခဲ့သည့် အီရတ်တပ်ဖွဲ့အများအပြားသည် ၎င်းတို့စခန်းများကို ခုခံတိုက်ခိုက်ရေးသမားတို့က တိုက်ခိုက်သဖြင့် စခန်းများမှ စွန့်ခွာခဲ့ကြပြီး အချို့ခုခံတိုက်ခိုက်ရေးသမားတို့နှင့် ပူးပေါင်းခဲ့ကြသည်။

### ယုံကြည်

အီရတ်တပ်ဖွဲ့များက လေ့ကျင့်သင်ကြားမှုပေးခဲ့ပြီး အချို့သင်တန်းဆင်းများသည် တာဝန်ထမ်းနေကြပြီဖြစ်သော်လည်း လေ့ကျင့်သင်ကြားမှုပြည့်ဝစေရန် နှင့် အီရတ်တပ်ဖွဲ့ဝင် အရေအတွက် လုံလောက်မှုဖြစ်စေရန် နှစ်များစွာအချိန်ယူရမည်ဖြစ်ကြောင်း အီရတ်များ၊ ဆန်းစစ်လေ့လာသူများနှင့် စစ်ဘက်အရာရှိများက ယုံကြည်ထားကြသည်။ **(အင်တာနက်)**

## ဆာဒါစီးတီး၌ အပစ်အခတ်ရပ်စဲရေး ဆွေးနွေး

ဘဂ္ဂဒက် အောက်တိုဘာ ၇

**အီရတ်နိုင်ငံ ဆာဒါစီးတီး၌ အပစ်အခတ်ရပ်စဲရေးအတွက် ဘဂ္ဂဒက်မြို့တွင် ဆွေးနွေးပြောဆိုမှုများပြုလုပ်ခဲ့ပြီးနောက် အယ်လ်ဆာဒါ ခေါင်းဆောင်သည့် အီရတ်တို့နှင့် အမေရိကန်တပ်ဖွဲ့များ အကြား ယာယီအပစ်အခတ် ရပ်စဲရေးအစီအစဉ်သစ်တစ်ရပ် ထွက်ပေါ်လာပြီ ဖြစ်သည်။ အဆိုပါ အစီအစဉ်ကို အီရတ်ကြားဖြတ် အစိုးရအဖွဲ့ကလည်းလက်ခံခဲ့သည်။ ဆာဒါ၏တပ်ဖွဲ့များနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ အကြား တိုက်ပွဲများ ဖြစ်ပွားလျက်ရှိသည်မှာ လနှင့်ချီကြာမြင့်ခဲ့ပြီဖြစ်သည်။**

**ဆာဒါစီးတီး၌ အီရတ်လူဦးရေ၏ ဆယ်ပုံတစ်ပုံ နေထိုင်လျက်ရှိသည်။ အဆိုပါအစီအစဉ်အတွက် ခြွင်းချက်လေးခုကို အယ်ဆာဒါတို့ဘက်မှ တင်ပြခဲ့ရာ ဦးစွာပထမအမေရိကန်တို့က လေကြောင်းတိုက်ခိုက်မှုများ ရပ်ဆိုင်းပေးရမည်ဖြစ်သည်။**

**ဒုတိယ အချက်အနေဖြင့်ဆာဒါ၏ နောက်လိုက်များလက်နက် အပ်နှံမှုအတွက် အပြန်အလှန်အနေဖြင့် လျော်ကြေးငွေပေးရမည်ဖြစ်သည်။**

(စီအင်န်အင်န်)

# ပြည့်ဝယူရေနီယံ အီရန်ထုတ်လုပ်ဆိုမှု အိုင်အေအီးအေ အနီးကပ်စောင့်ကြည့်လျက်ရှိ

**တီဟီရန် အောက်တိုဘာ ၁၀**

အီရန်နိုင်ငံသည် ကုလသမဂ္ဂ နျူကလီးယားစောင့်ကြည့်ရေးအဖွဲ့ကိုအာခံပြီး ပြည့်ဝယူရေနီယမ်ရရှိရန်အတွက် ယူရေနီယမ်များ သန့်စင်လျက်ရှိသည်ဟု သတင်းရပ်ကွက်များကို ကိုးကားပြီး သတင်းဌာနများက ဖော်ပြလျက်ရှိသည်။

### တပ်ဆင်ထား

သို့ရာတွင် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီက အီရန်၏လုပ်ဆောင်မှုများအား အနီးကပ်စောင့်ကြည့်လျက်ရှိပြီး အီရန်၏ နျူကလီးယားအဆောက်အအုံများတွင်လည်း စောင့်ကြပ်ရိုက်ကူးသည့် ကင်မရာများ တပ်ဆင်ထားပြီးပြီဖြစ်သည်။

### အတည်ပြု

ပြီးခဲ့သည့်လ၌ အီရန်၏ ပြည့်ဝယူရေနီယမ်နှင့် ဆက်နွှယ်ပတ်သက်သည့် ဆောင်ရွက်မှုအားလုံးရပ်ဆိုင်းရန် တောင်းဆိုသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို အိုင်အေအီးအေက အတည်ပြုပေးခဲ့သည်။ အီရန်နိုင်ငံက ၎င်း၏နျူကလီးယားအစီအစဉ်ကို ပိတ်ပစ်ရန် အစီအစဉ်မရှိကြောင်း ပြောကြားခဲ့သည်။ **(စီအင်န်အင်န်)**



**ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို အောက်တိုဘာ၈ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



အောက်တိုဘာ ၁၀ရက်က မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီးချုပ်ရုံးဝန်ကြီး ဦးတင်ဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းတို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ အောက်တိုဘာ ၇ရက်မှ ၉ရက်အထိ ကျင်းပသော (၅)ကြိမ်မြောက် အာရှ-ဥရောပ ထိပ်သီးညီလာခံမှ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သူများနှင့်အတူတွေ့ရစဉ်။ (သတင်းဖော်ပြပြီး)

(သတင်းစဉ်)

# အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။



## နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း စပိန်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

**ရန်ကုန် အောက်တိုဘာ ၁၂**

၂၀၀၄ခုနှစ် အောက်တိုဘာ ၁၂ရက်တွင် ကျရောက်သော စပိန်နိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ စပိန်နိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာမီဂယ်လ်၊ အွန်ဂျယ်လ် မိုရာတီနိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

## ဒွါဒသမအကြိမ်(၁၂ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

- ❐ မိမိတို့ နိုင်ငံသူ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရေး။
- ❐ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်း စောင့်ရှောက်ရေး။
- ❐ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကား ပြန့်ပွားရေး။
- ❐ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရေး။
- ❐ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေး။
- ❐ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး။

## အင်းလေးဒေသစာသင်တိုက်ကြီးများသို့ အာဂုံဆောင်ဓာတ်စာအုပ်များလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၁**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မသုခကျောင်းတိုက် အောင်သိဒ္ဓိကျောင်း စာချကထိက အာဂုံဆောင်ကျမ်းများ ကျမ်းပြုအရှင် အရှင်စန္ဒောတိ (ပါဠိပါရဂူ ပိဋကတ်တစ်ပုံဆောင်)အရှင်မြတ်ရေးသားပြုစုသော အာဂုံဆောင်ငယ်ဓာတ်၊ အာဂုံဆောင်လတ်ဓာတ်နှင့် အာဂုံဆောင်ကြီးဓာတ် အပါအဝင် အစိုးရ ပါဠိပဌမပြန်စာမေးပွဲ ပြဋ္ဌာန်းကျမ်းစာများကို အောက်တိုဘာ ၁၀ရက်က အင်းလေးဒေသရှိ စာသင်တိုက်ကြီးများသို့ ပေးပို့လှူဒါန်းရာ စာသင်တိုက် ပဓာနနာယကဆရာတော်များကိုယ်စား အင်းလေးဖောင်တော်ဦး နန်းဦးကျောင်း လက်ထောက်ဆရာတော် ဦးဝိဇယက လက်ခံရယူကြောင်း သိရသည်။ **(က-ပ)**

## တော်သလင်းလကွယ်နေ့ ကိုးပါးသီလတရား ဟောကြားမည်

**ရန်ကုန် အောက်တိုဘာ ၁၁**

၁၃၆၆ခုနှစ် တော်သလင်းလကွယ်နေ့ (၂၀၀၄ခုနှစ် အောက်တိုဘာ ၁၃ ရက်) ဗုဒ္ဓဟူးနေ့တွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ တိုက်သစ်ဆရာတော် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ တိပိဋက ရေ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ သီရိန္ဒာဘိဝံသက နဝင်္ဂဥပေါသထ ကိုးပါးသီလ တရားတော်မြတ်ကို မြန်မာ့ရုပ်မြင်သံကြား နံနက်ပိုင်းအစီအစဉ်များအပြီးတွင် ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သမထဝိပဿနာ တရားစခန်း

**ရန်ကုန် အောက်တိုဘာ ၁၁**

ကျေးဇူးရှင်လယ်တီဆရာတော်၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာ တရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီးဦးသန်းရွှေ (ဒလ-အံ့ကြီး)က အောက်တိုဘာ၁၅ ရက်မှ ၂၁ရက်အထိ (ညနေ၆နာရီခွဲမှ ၈နာရီအထိ) ပုဇွန်တောင်မြို့နယ် ရေကျော်ဝတ်ကျောင်း ဆွမ်းလောင်းဓမ္မာရုံတွင်လည်းကောင်း၊ အောက်တိုဘာ၂၀ရက်မှ၂၆ရက်အထိ (ညနေ ၆နာရီခွဲမှ ၈နာရီအထိ) မင်္ဂလာတောင်ညွန့်မြို့နယ် ဒေဝသာဂရ ရဟန္တာသိမ်ဖြူတော်ကြီးတွင် လည်းကောင်း ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက် အားထုတ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

## ကွက်ကျားမိုး

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်၊**

## အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ကြမည့် ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်များရန်ကုန်သို့ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၁၁

**ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင် ကြမည့် ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်များသည် ယနေ့နံနက်ပိုင်းတွင် မြန်မာ့မီးရထားဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။**

ယင်းသို့ရောက်ရှိကြရာတွင် မန္တလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမြင့်သိန်း ခေါင်းဆောင်သော မန္တလေးတိုင်းမှ အုပ်ချုပ်သူများ၊ အကဲဖြတ်အမှတ်ပေးဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်များ စုစုပေါင်း ၅၁၄ဦးနှင့် ချင်းပြည်နယ် အုပ်ချုပ်သူနှင့် ပြိုင်ပွဲဝင် ၁၅ဦးတို့သည် နံနက်၉နာရီ ၄၅မိနစ်တွင်လည်းကောင်း၊ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးစိုးဝင်း ခေါင်းဆောင်သော စစ်ကိုင်းတိုင်းမှ အုပ်ချုပ်သူ၊ အကဲဖြတ် အမှတ်ပေးဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်များ စုစုပေါင်း ၁၉၅ဦးတို့သည် နံနက် ၁၀နာရီ ၄၅မိနစ်တွင် လည်းကောင်း ရန်ကုန်ဘူတာကြီးသို့ ရောက်ရှိလာကြရာ ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ညှိနှိုင်းကျင်းပရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဥက္ကဋ္ဌ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) တပ်မှူး ဗိုလ်မှူးချုပ်သန်းစိန်၊ ကြိုဆိုနေရာချထားရေးအဖွဲ့ခွဲ ဥက္ကဋ္ဌ ရဲမှူးကြီး စိုးဝင်းမြင့်နှင့် တာဝန်ရှိသူများ၊ မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများကကြိုဆိုကြပြီး အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်း (ဘုရင့်နောင်)သို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်နေရာချထားပေးကြသည်။

### ကြိုဆို

အလားတူ မကွေးတိုင်းမှ ကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်အနုပညာရှင်များ၊ ရှမ်းပြည်နယ်မှ ကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်အနုပညာရှင်များ၊ တနင်္သာရီတိုင်းမှ ကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင် အနုပညာရှင်များသည် နံနက်ပိုင်းတွင်လည်းကောင်း၊ ပဲခူးတိုင်းမှ ကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်အနုပညာရှင်များနှင့် ရခိုင်ပြည်နယ်မှ ကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်အနုပညာရှင်များသည် မွန်းလွဲပိုင်းတွင်လည်းကောင်းရန်ကုန်မြို့သို့ အသီးသီးရောက်ရှိလာကြရာ ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ညှိနှိုင်းကျင်းပရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီမှ တာဝန်ရှိသူများက ကြိုဆိုကြပြီး ပြိုင်ပွဲဝင်များတည်းခိုရာ ရန်ကုန်မြို့ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း (ဘုရင့်နောင်) တည်းခိုဆောင်များ၌ နေရာချထားပေးကြသည်။

## မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၆ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၄ရက် (အဖိတ်နေ့)**
**၁၂-၁၀-၂၀၀၄ ရက် (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | အဘိဓမ္မမဟာသဒ္ဓမ္မ ဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | မင်းကွန်းဆရာတော် ဘုရားကြီး ထေရုပ္ပတ္တိမော်ကွန်း "နဝမဆယ်ဆုနှစ်"(အပိုင်း-၁) |
| ၈:၁၀ | ၅။ | သံသာချိုအေး မင်္ဂလာတေး |
| ၈:၂၅ | ၆။ | အတီးပြိုင်ပွဲ |
| ၈:၃၀ | ၇။ | International News |
| ၈:၄၅ | ၈။ | Grammar made Easy |
| ၉:၀၀ | ၉။ | အစီအစဉ်ပြီး၏ |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၁၆:၃၀ | ၃။ | အမှတ်(၃)အခြေခံ ပညာဦးစီးဌာန စတုတ္ထအကြိမ်မြောက် ဓမ္မစကြာ ဝတ်ရွတ်ပြိုင်ပွဲ (တတိယဆု) (အထက-၁၊ ဒဂုံ) (အမျိုးသမီးဝတ်ရွတ်အဖွဲ့) |
| ၁၆:၅၅ | ၄။ | အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ) |
| ၁၇:၁၀ | ၅။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက |
| ၁၇:၂၅ | ၆။ | ၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ် (၁၂ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် မဟာဂီတ(ပညာရှင်အဆင့်) (အမျိုးသား၊အမျိုးသမီး) |
| ၁၇:၃၅ | ၇။ | ဆိုကြမယ်ပျော်ကြမယ် |
| ၁၈:၁၅ | ၈။ | နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဂူခုန်း"**(အပိုင်း-၃၂) |
| ၁၈:၃၀ | ၉။ | ညနေခင်းသတင်း |
| ၁၉:၀၀ | ၁၀။ | မိုးလေဝသအခြေအနေ |
| ၁၉:၀၅ | ၁၁။ | သားငါးဖွံ့ဖြိုးပြည့်အကျိုး |
| ၁၉:၂၀ | ၁၂။ | ကြေးမုံရိပ်သွင်တေးနှယ်ဥ |
| ၁၉:၃၅ | ၁၃။ | သပွာယ်ဖူးမြော် ငါးထပ်ကြီးနှင့် ခြောက်ထပ်ကြီးဆုတောင်းပြည့်ရုပ်ပွားတော် |
| ၂၀:၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"သံစဉ်မဲ့ချစ်သူ"**(အပိုင်း-၃) |
| | ၁၈။ | နောက်တစ်နေ့အစီအစဉ် |
| | ၁၉။ | အစီအစဉ်ပြီး၏။ |





**မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)**

**■ ကျောဖုံးမှ**

သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းနှင့် ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များအား ထန်းတပင်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက မြန်မာ့ကျောင်းသီချင်းကို သီဆိုကြကာ ကြိုဆိုနှုတ်ဆက်ကြသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် Language Lab အခန်း၌ တိုးချဲ့တပ်ဆင်သည့် ပညာရည်မြင့်မားရေး အထောက်အကူပြုပစ္စည်းများ၊ ဆရာ ဆရာမများ၏ ကြီးကြပ်သင်ကြားပေးနေမှု၊ ကျောင်းသားကျောင်းသူများ၏ သင်ယူလေ့ကျင့်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် Computer Aided Instruction၊ Computer Application နှင့် Electronic Media Video စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆရာ ဆရာမများ၏ သင်ကြားပေးနေမှု၊ ကျောင်းသားကျောင်းသူများ၏ ပညာရည်မြင့်မားမှုစွမ်းရည်များကို ကြည့်ရှုအားပေးကြသည်။

## စွမ်းရည်ပြသ

ထို့နောက် ကျောင်း၏ လှိုင်ရတနာခန်းမ၌ ပညာရည်မြင့်မားရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်းခြင်းအခမ်းအနားကိုကျင်းပရာ ရှေးဦးစွာ ကျောင်းသား ကျောင်းသူများက ဂီတရသစွမ်းရည်များကိုပြသကြသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မာလ်တီမီဒီယာပစ္စည်းများအတွက် ထောက်ပံ့ငွေများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ချိုစမ်းထံ ပေးအပ်လှူဒါန်းသည်။



**မြန်မာနိုင်ငံ ပညာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး(၁)ဒုတိယ ဗိုလ် ချုပ် ကြီး စိုးဝင်းက ရန်ကုန် မြောက်ပိုင်းခရိုင် ထန်း တ ပင် မြို့ အခြေခံ ပညာ အ ထက် တန်း ကျောင်း ပညာရည် မြင့်မားရေး အထောက်အကူပြု ပစ္စည်းများ အတွက်ထောက်ပံ့ငွေများ ပေးအပ် လှူဒါန်းရာကျောင်း အုပ် ဆရာမကြီး ဒေါ်ခင်ချိုစမ်း က လက်ခံစဉ်။** (သတင်းစဉ်)

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ကျောင်းအုပ်ဆရာမကြီးထံ ကွန်ပျူတာတစ်စုံပေးအပ်လှူဒါန်းသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီးက ပညာရည်မြင့်မားရေးအထောက်အကူပြုစာသင်ခန်းများ ဖွဲ့စည်းထားပုံနှင့် အသုံးပြုမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက ကျေးဇူးတင်စကားပြောကြားသည်။

## ပံ့ပိုးကူညီ

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်ချက်များကို မေးမြန်းဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးပြီး ထန်းတပင်မြို့သည် ရန်ကုန်မြို့နှင့် အလှမ်းမကွာဝေးသော်လည်း တစ်ချိန်က လမ်းပန်းဆက်သွယ်မှုအခက်အခဲကြောင့် အရောက်အပေါက်နည်းခဲ့သည့် ဒေသဖြစ်ခဲ့ကြောင်း၊ ယခုအခါ သွားလာမှုလွယ်ကူလာပြီဖြစ်၍ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံကောင်းရရှိပြီးဖြစ်သည့်အပြင် နိုင်ငံတော်အစိုးရကလည်း ပံ့ပိုးကူညီ၊ ဒေသတာဝန်ခံ တိုင်းမှူးတို့ကလည်း ကြိုးစားပမ်းစားဆောင်ရွက်၊ ဒေသခံပြည်သူများကလည်း တက်တက်ကြွကြွ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်သွားမည်ဆိုပါက ထန်းတပင်ဒေသသည် မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်လာမှာ သေချာကြောင်း ရှင်းလင်းမှာကြားသည်။

## မှတ်တမ်းဓာတ်ပုံရိုက်

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ တိုင်းမှူး၊ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများသည် ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ထန်းတပင်မြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိရာ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှူး၊ မြို့နယ်ဆရာဝန်နှင့်ဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် ဆေးရုံဝင်းအတွင်း၌ ဆေးရုံအုပ်ဒေါက်တာဦးစိုးထွန်းအောင်က ဆေးရုံရှိ အဆောက်အအုံများတည်နေရာနှင့်ထပ်မံတိုးချဲ့ဆောင်ရွက်နိုင်မည့်အဆောက်အအုံများဖွဲ့စည်းမှုအခြေအနေတို့ကို မြေပုံစာရွက်စာတမ်းများဖြင့်ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များကိုမှာကြားပြီး ဆေးရုံရှိလူနာခန်းများ၊ ကာကွယ်ဆေးများ သိုလှောင်ထားသည့်အအေးထိန်းခန်း၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းနှင့်သားဖွားခန်းတို့ကိုလည်းကောင်း၊ဓာတ်မှန်ဆောင်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

## ပြန်လည်ထွက်ခွာ

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ထန်းတပင်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ထန်းတပင်မြို့ မြို့ပတ်ဂဝံလမ်းကိုလည်းကောင်း၊ ထန်းတပင်မြို့ကျွန်း ငုဆိပ်ကမ်း၌ ကုက္ကိုဝချောင်းရေ စီးဆင်းမှုအခြေအနေနှင့် ရေတိုက်စားမှုကာကွယ်ရေး ဆောင်ရွက်နေမှုအခြေအနေတို့ကို လည်းကောင်း၊ မြို့နယ်စည်ပင် ဈေးသစ်တည်ဆောက်ထားမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ မွန်းလွဲပိုင်းတွင် ထန်းတပင်မြို့မှ ပြန်လည်ထွက်ခွာခဲ့သည်။ **(သတင်းစဉ်)**

## **အာစရိယပူဇော်မည်**

**ရန်ကုန် အောက်တိုဘာ ၁၁**

မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူရတနာ ယဉ်ကျေးလိမ္မာ မင်္ဂလာသင်တန်း၊ မြတ်မင်္ဂလာကျောင်း၏ (၁၀)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားနှင့် အာစရိယပူဇော်ပွဲကို သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာ ၂၈ ရက်) ညနေ ၃ နာရီတွင် မြတ်မင်္ဂလာကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

နှစ်ပတ်လည် အခမ်းအနားနှင့် အာစရိယ ပူဇော်ပွဲသို့ ကျောင်းသူကျောင်းသားအားလုံး မပျက်မကွက် တက်ရောက်ကြရန်နှင့် ဆက်သွယ်လှူဒါန်းလိုပါက ဖုန်း-၆၉၀၄၉၉ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

● ကျောဖုံးမှ

**ပြင်သစ်သမ္မတဂျက်ရှီရက်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ယခုရက်သတ္တပတ် သွားရောက်လည်ပတ်ခြင်းမပြုမီ တရုတ်စီစီတီဗွီ ရုပ်မြင်သံကြားနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ကုလသမဂ္ဂထောက်ခံမှုမရှိဘဲ ဆက်ဒမ်ဟူစိန်အစိုးရအား တိုက်ခိုက်ရန် အမေရိကန်၏ ဆုံးဖြတ်ချက်ကို ၎င်းအနေဖြင့် ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ကြောင်းဖြင့် ထပ်လောင်းပြောကြားလိုက်သည်။**

**အမေရိကန်၏ ဆိုးရွားသော ဆုံးဖြတ်ချက်သည် တရားဥပဒေ၊ နိုင်ငံတကာဥပဒေတို့နှင့် မကိုက်ညီသဖြင့် မှားယွင်းသည်ဟု မိမိယုံကြည်ယူဆကြောင်း ပြင်သစ်သမ္မတက ပြောကြားသည်ကို သမ္မတဂျက်ရှီရက်၏ရုံးမှ အောက်တိုဘာ ၈ ရက်က ဖော်ပြသည့် တွေ့ဆုံမေးမြန်း သတင်းထုတ်ပြန်ချက်တွင် တွေ့ရသည်။**

**ပြင်သစ်သမ္မတ ဂျက်ရှီရက်သည် ဗီယက်နမ်နိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။ သမ္မတဂျက်ရှီရက်သည် ဗီယက်နမ်နိုင်ငံ၌ ကျင်းပသည့် အာရှ-ဥရောပထိပ်သီး အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ သမ္မတ ဂျက်ရှီရက်သည် စက်တင်ဘာလအတွင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်က အမေရိကန်တို့ ဆင်နွှဲခဲ့သည့် အီရတ်စစ်ပွဲသည် တရားဥပဒေကို ချိုးဖောက်မှု ဖြစ်သည်ဟူသော ဝေဖန်ပြောကြားချက်အပြီးတွင် အီရတ်စစ်ပွဲကိစ္စကို ဝေဖန်ပြောကြားလိုက်ခြင်းဖြင့် အမေရိကန်အစိုးရအား ဒေါသူပုန်ထစေခဲ့သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ထောက်ခံမှုမရှိဘဲ အီရတ်စစ်ပွဲကို အမေရိကန် ဆင်နွှဲခြင်းမှာ တရားမဝင်ကြောင်းဖြင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ပြောကြားခဲ့ခြင်းဖြစ်သည်။**

**ပြင်သစ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် အီရတ်အကျပ်အတည်းကို အကဲဖြတ်ရာ၌ သဘောထားအမြင်ချင်း များစွာနီးစပ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် အီရတ်အရေးနှင့်ပတ်သက်၍ ဂျာမနီ၊ရုရှား၊စပိန်နိုင်ငံတို့နှင့် ပုံမှန် ဆက်သွယ်ဆွေးနွေးလျက်ရှိကြောင်း ပြင်သစ်သမ္မတ ဂျက်ရှီရက်က ပြောကြားသည်။ အီရတ်နိုင်ငံ၌ အနာဂတ်တွင် ဖြစ်ပေါ်လာမည့် အခြေအနေများနှင့် စပ်လျဉ်း၍လည်း စိုးရိမ်မကင်းဖြစ်ရကြောင်း ၎င်းက ထည့်သွင်းပြောကြားသွားသည်။**

**ပြည်တွင်းစစ် အနိဋ္ဌာရုံများနှင့် အကြမ်းဖက်မှုအနိဋ္ဌာရုံများ ဆက်လက်ပေါ်ပေါက်နေသည့်အပြင် တစ်စထက်တစ်စ ပိုမိုပြင်းထန်လာနိုင်ကြောင်းဖြင့်လည်း သမ္မတ ဂျက်ရှီရက်က ပြောကြားသည်။တရုတ်စီစီတီဗွီနှင့် ပြင်သစ်သမ္မတ ဂျက်ရှီရက်တို့၏ တွေ့ဆုံမေးမြန်းခန်းကို စက်တင်ဘာ ၂၈ ရက်က ရိုက်ကူးခြင်း ဖြစ်သည်။ အီဂျစ်တွင် အပန်းဖြေခရီးသည်များအား အကြမ်းဖက်တိုက်ခိုက်မှု၊ပါရီရှိ အင်ဒိုနီးရှားသံရုံးအား အကြမ်းဖက်တိုက်ခိုက်မှုတို့ မဖြစ်ပွားမီတွင် ထိုသို့ တွေ့ဆုံမေးမြန်းခဲ့ခြင်းဖြစ်သည်။ ယင်းအကြမ်းဖက် တိုက်ခိုက်မှုနှစ်ခုစလုံးကိုလည်း ပြင်သစ်သမ္မတ ဂျက်ရှီရက်က သောကြာနေ့၌ ရှုတ်ချလိုက်သည်။**

**ပြင်သစ်သမ္မတ ဂျက်ရှီရက်က တရုတ်စီစီတီဗွီနှင့် တွေ့ဆုံမေးမြန်းခန်းတွင် တစ်ကမ္ဘာလုံးက အကြမ်းဖက်မှုကို ဆန့်ကျင်တိုက်ဖျက်ရန် စည်းရုံးဖို့လိုအပ်ကြောင်း တိုက်တွန်းပြောကြားလိုက်သည်။ သို့သော်လည်း တစ်ချိန်တည်းမှာပင် အကြမ်းဖက်မှု၏ အကြောင်းရင်းများနှင့် ဇာစ်မြစ်သဘာဝကို အလေးအနက် စဉ်းစားသုံးသပ်ရန်လည်း လိုအပ်ကြောင်း ပြင်သစ်သမ္မတ ဂျက်ရှီရက်က ပြောကြားသွားသည်။ ။** (အင်တာနက်)

# ပညာရေးမြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့






**မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း စေတုတ္တရာမြို့ အခြေခံပညာအထက်တန်းကျောင်း၏ ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)**

✡ **ရှေ့ဖုံးမှ**

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား မုန်းချောင်းရေလှောင်တမံဘက်စုံစီမံကိန်းမှ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထုတ်လွှတ်ပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## မေးမြန်းဆွေးနွေး

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လုပ်ငန်းများကို သပ်ရပ်သေချာစွာ ဟန်ချက်ညီညီအားထုတ်လုပ်ကိုင်ကြရန်မှာကြားပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေး



**မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း စေတုတ္တရာမြို့ အခြေခံပညာအထက်တန်းကျောင်း၏ ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)**

## တာဝန်ယူတည်ဆောက်

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈) ညွှန်ကြားရေးမှူး ဦးမြင့်သန်းက ရှင်းလင်းတင်ပြရာ၌ မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ရေလှောင်တမံနှင့် ဆက်နွယ်အဆောက်အအုံများ၊ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းများ၊ ရေလွှဲဥမင်လိုဏ်နှင့် ရေအားလျှပ်စစ်ဥမင်လိုဏ် တည်ဆောက်ခြင်းလုပ်ငန်းများကို ဆည်မြောင်းဦးစီးဌာနက တာဝန်ယူတည်ဆောက်ခဲ့ရပါကြောင်း။

အဆိုပါလုပ်ငန်းများအနက် ရေအားလျှပ်စစ်ဥမင်လိုဏ် တည်ဆောက်ခြင်းလုပ်ငန်းမှာ ၉၆ ရာခိုင်နှုန်း၊ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းမှာ ၉၁ ရာခိုင်နှုန်း ပြီးစီး၍ ကျန်လုပ်ငန်းအားလုံးမှာ ရာခိုင်နှုန်းပြည့်စီ ပြီးစီးပြီးဖြစ်ပါကြောင်း။

## ရှင်းလင်းတင်ပြ

တမံချောင်းပိတ်လုပ်ငန်းကို ၁၂–၂–၂၀၀၃ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ရေများကို စတင်သိုလှောင်ခဲ့ပါကြောင်း၊ ယခုနှစ် စက်တင်ဘာလအတွင်းက ရေသိုလှောင်နိုင်သည့် အမြင့်ဆုံးရေမှတ်ထက် ၁၆ ဒသမ ၂ ပေထိ ပိုမိုသိုလှောင်ခဲ့ပါကြောင်း၊ တမံ၏တောင့်တင်းခိုင်မာမှုကို စမ်းသပ်နိုင်ခဲ့ပြီး ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဦးအုန်းမြင့်က ရေအားလျှပ်စစ်ဥမင်လုပ်ငန်းပိုင်း အမြန်ပြီးစီးအောင် ကြိုးပမ်းနေသည့် အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဝင်းကျော်က မုန်းချောင်းရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရေးလုပ်ငန်း ပြီးစီးအချောသပ်လျက်ရှိသည့် အခြေအနေနှင့် စက်လည်ပတ်ပြီး လျှပ်စစ်ဓာတ်အားသည်။ ထို့နောက် မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည့် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈)မှ ဝန်ထမ်းများ၊ ရေအားလျှပ်စစ်ဦးစီးဌာနမှ ဝန်ထမ်းများအား လက်ဆောင်ပစ္စည်းများကို ချီးမြှင့်ပြီး စီမံကိန်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CITIC ကုမ္ပဏီမှ တာဝန်ရှိသူများအား သစ်သီးခြင်းကို လက်ဆောင်ပေးအပ်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပင်မတာမံနှင့် တမံအတွင်း ရေသိုလှောင်ထားနိုင်မှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အချင်း ၈၇ ပေနှင့် အနက် ၂၂၈ ဒသမ ၅ ပေရှိသည့် ဖိအားလျော့ ရေလှောင်ထိန်းစည် တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကြသည်။

## တည်ဆောက်ပြီးစီးမှု

ထိုမှတစ်ဆင့် ရေလွှဲဥမင်အတွင်းသို့ သွားရောက်၍ ရေအားလျှပ်စစ်ဥမင်လိုဏ်အတွင်းပိုင်းကို သတ်မှတ်ဒီဇိုင်းများနှင့်အညီ ကြိုးပမ်းတည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် Arrigation Outlet တည်ဆောက်ပြီးစီးမှု အခြေအနေကိုလည်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရေအားလျှပ်စစ်စက်ရုံသို့ သွားရောက်ကြပြီး ရှေးဦးစွာ Central Control Room နှင့် တပ်ဆင်ထားသည့် စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တာဘိုင်စက်သုံးလုံး တပ်ဆင်ပြီးစီးမှု အခြေအနေများကို အသေးစိတ် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းမှာ ဧက ၁၀၈၀၀၀သို့ စိုက်ပျိုးရေပေးဝေပြီး လျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ် ထုတ်ယူရရှိမည့် ဘက်စုံစီမံကိန်းတစ်ခုဖြစ်သည်။

စိုက်ပျိုးရေများကို ပေးဝေနိုင်လျက်ရှိပြီး လျှပ်စစ်ဓာတ်အားကိုလည်း မကြာမီထုတ်လွှတ်ဖြန့်ဖြူးပေးနိုင်ရန် အပြီးသတ် လုပ်ငန်းပိုင်းများကို အချိန်မီပြီးစီးအောင် တည်ဆောက်လျက်ရှိကြောင်း သိရှိရသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီခွဲတွင် မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းမှ စေတုတ္တရာမြို့သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြရာ မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

## တက်ရောက်အားပေး

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စေတုတ္တရာမြို့ အခြေခံပညာအထက်တန်းကျောင်း၏ ပညာရည်မြင့်မားရေးအထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြရာ ဘင်ခရာအဖွဲ့နှင့်အတူ အကအဖွဲ့များက ကပြဖျော်ဖြေ၍ လည်းကောင်း၊ မြန်မာ့ကျောင်းသီချင်းကို သီဆို၍လည်းကောင်း ကြိုဆိုကြသည်။



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် စေတုတ္တရာမြို့နယ် ပြည်သူ့ဆေးရုံအတွက် ထောက်ပံ့လှူဒါန်းငွေများကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစောလွင်အား ပေးအပ်စဉ်။ (သတင်းစဉ်)**

**တွေ့ဆုံမှာကြား**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း စေတုတ္တရာမြို့ မြို့နယ်ခန်းမ၌ စေတုတ္တရာမြို့နယ်မှ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံမှာကြားစဉ်။**
**(သတင်းစဉ်)**



ထို့နောက် ကျောင်းသူ ဖြိုးပြည့်လျှံနုက အခမ်းအနား အစီအစဉ်များကို ဖတ်ကြားကြေညာသည်။

**ဖွင့်လှစ်ပေး**

ယင်းနောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်သန်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစိန်လှိုင်တို့က ဖဲကြိုးဖြတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Computer Skills Room ၌ ကျောင်းသား ကျောင်းသူများ ကွန်ပျူတာကိုးလုံးဖြင့် လက်တွေ့ပညာသင်ကြားနိုင်မှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ Computer Aided Instruction Room ကို ကြည့်ရှုစစ်ဆေးကြသည်။



**ကြည့်ရှုစစ်ဆေး**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း စေတုတ္တရာမြို့ မြို့ဝင်မြို့ထွက် ဧက ၁၀၀ စပါးစံပြ စိုက်ကွက် ဖြစ်ထွန်းအောင်မြင်မှုကို ကြည့်ရှုစစ်ဆေးစဉ်။**
**(သတင်းစဉ်)**

**စွမ်းရည်ပြသ**

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Learning Center Room သို့ဝင်ရောက်ကြည့်ရှု စစ်ဆေးအားပေးကြရာ ကျောင်းသူတစ်ဦးက အင်္ဂလိပ်စာ သင်ကြားတတ်မြောက်မှု စွမ်းရည်ပြသ၍ နှုတ်ဆက်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Language Lab Room နှင့် Visual Room တို့ကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

**ဂါရဝပြုလက်ဆောင်ပေးအပ်**

ထို့နောက် အိမ်တွင်းမှုခန်းကို ကြည့်ရှုစစ်ဆေးအားပေးကြပြီး အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ကျောင်းသူလေးများက ၎င်းတို့ကိုယ်တိုင် ရက်လုပ်ထားသည့် ဂျပ်ခုပ်စောင်တစ်ထည်ကို ဂါရဝပြု လက်ဆောင်အဖြစ်ပေးအပ်သည်။

ဆက်လက်၍ ဂီတရသခန်း၌ ကျောင်းသား ကျောင်းသူလေးများက ဂီတ၊ အကစွမ်းရည်များကို ပြသကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောင်းသား ကျောင်းသူလေးများနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောင်းမှ ပြန်လည်ထွက်ခွာကြရာ ကျောင်းသား ကျောင်းသူများက ဇာတိမာန် သီချင်းကို သီဆို၍ နှုတ်ဆက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် (၂၅) ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကြရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစောလွင်နှင့် သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လူနာများအား ကြည့်ရှုစစ်ဆေးအားပေးကြသည်။

**လှည့်လည်ကြည့်ရှု**

ဆက်လက်၍ ဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြို့နယ်ခန်းမ၌ ကျင်းပသည့် စေတုတ္တရာမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲနှင့် စေတုတ္တရာမြို့နယ်မှ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ဒသမတန်းကျောင်းသူ မရီရီလွင်က ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ ဖွင့်လှစ်နိုင်ခြင်းအတွက် ကျေးဇူးတင်စကားကို အင်္ဂလိပ်ဘာသာဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်သန်းက ခေတ်မီသင်ထောက်ကူပစ္စည်းများဖြင့် စာသင်ခန်းများဖွဲ့စည်းတည်ဆောက်ထားမှုနှင့် ကျောင်းသား ကျောင်းသူများ သက်ဆိုင်ရာဘာသာရပ်များကို အမှန်တကယ် တတ်မြောက်အောင် ကြိုးပမ်းသင်ကြားပေးသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အကောင်အထည်ဖော်**

ထို့နောက် စေတုတ္တရာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဘုန်းမြတ်သူက စေတုတ္တရာမြို့နယ်၏ အကျယ်အဝန်း၊ မြေသယံဇာတတည်ရှိမှု၊ မိုးရွာသွန်းမှု၊ စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ အစေ့ထုတ်ပြောင်းတို့ စိုက်ပျိုးဖြစ်ထွန်းမှု၊ ဒေသဆန်ဆီ ဖူလုံပိုလျှံမှု၊ ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက စေတုတ္တရာမြို့နယ်၏ ပညာရေး၊ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်သည်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးထားပြီး ဖြစ်ကြောင်း။

စေတုတ္တရာမြို့၌ တယ်လီဖုန်းဆက်သွယ်မှုကောင်းမွန်ရေး၊ စလင်း–စေတုတ္တရာကားလမ်းကောင်းမွန်ရေး၊ ပညာရေး၊ ကျန်းမာရေးအခြေအနေများ တိုးတက်မြင့်မားရေးတို့အတွက် အတတ်နိုင်ဆုံး ညှိနှိုင်းဖြည့်ဆည်းပေးထားရာ ဒေသခံပြည်သူများကလည်း နိုင်ငံတော်၏ စေတနာနှင့် ဒေသအာဏာပိုင်တို့၏ ကြိုးစားပမ်းစား အကောင်အထည်ဖော်မှုတို့ကို မှန်ကန်စွာ သုံးသပ်နားလည်ပြီး မိမိဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

**ညှိနှိုင်းဖြည့်ဆည်းပေး**

နိုင်ငံတော်အနေဖြင့် ဤမြို့နယ်ကိုသာမက နိုင်ငံတော်အတွင်းရှိ အခြားနယ်မြေဒေသအသီးသီး ဟန်ချက်ညီညီ ဘက်စုံထောင့်စုံမှ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးလျက်ရှိကြောင်း။

စေတုတ္တရာမြို့နယ်အနေဖြင့် မိမိမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနအချင်းချင်းရော၊ ဒေသခံပြည်သူများနှင့်ပါ ပေါင်းစပ်၍ ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း။

**မှာကြား**

အထူးသဖြင့် မြို့နယ်အတွင်း မြေလွတ် မြေရိုင်းများစွာရှိနေရာ ယင်းမြေလွတ် မြေရိုင်းများကို စိုက်ပျိုးမြေများအဖြစ် ပြောင်းလဲစိုက်ပျိုးသွားကြရမှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် စေတုတ္တရာမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာနှစ်စုံကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်သန်းအား လည်းကောင်း၊ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် ဗလာစာအုပ်များကို မြို့နယ်ပညာရေးမှူး ဦးထွန်းပိုအား လည်းကောင်း၊ ဆေးဝါးပစ္စည်းများကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစောလွင်အားလည်းကောင်း ပေးအပ်သည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ အတွင်းရေးမှူး(၁)သည် မြို့နယ်ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် မတည်ထောက်ပံ့ငွေများကို မြို့နယ်ဆရာဝန်ကြီးအား ပေးအပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့က ထောက်ပံ့လှူဒါန်းငွေများကို မြို့နယ်ဆရာဝန်ကြီးအား အသီးသီးပေးအပ် လှူဒါန်းကြသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းသည့် ငွေကျပ် ငါးသိန်းကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဦးစိုးသာက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအား ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးဦးစိုးသာသည် စေတုတ္တရာမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာနှင့် ပရင်တာတစ်စုံကို ထပ်မံပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြို့ဝင်မြို့ထွက် ဧက ၁၀၀ စပါးစံပြစိုက်ကွက် ဖြစ်ထွန်းအောင်မြင်မှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် စေတုတ္တရာမြို့မှ ထွက်ခွာ၍ မဲဇလီရေပို့လွှဲဆည်ကို လည်းကောင်း၊ ကြီးအုံကြီးဝ ရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းနေရာနှင့် ပတ်ဝန်းကျင်အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရဟတ်ယာဉ်ဖြင့် ပုဂံ–ညောင်ဦးသို့ ရောက်ရှိကြသည်။

**အဆင့်မြှင့်တင်ဆောင်ရွက်**

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၁၀ ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် ပုဂံ–ညောင်ဦးလေဆိပ်သို့ ရောက်ရှိကြပြီး လေဆိပ်အဆောက်အအုံ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြန်မာ့လေကြောင်းလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

# ပညာခေတ်နှင့် ပညာဘဏ်တိုက် စာကြည့်တိုက်များ

**မိုးထက်မြင့်**
**(မြစ်ဝကျွန်းပေါ်)**

**"နွားကျောင်းရင်း စာသင်**
**ဗိုင်းငင့်ရင်း စာဖတ်**
**ထင်းဖြတ်ရင်း စာကျက်**
**အလုပ်မပျက် အကျိုးထွက်**
**ခေတ်ကပေးတဲ့ ထူးမြတ်ချက်"။ ။**

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့ဘောင်အဖွဲ့အစည်း သာယာအေးချမ်းတည်ငြိမ်ရေးအတွက် အဓိကလိုအပ်ချက်ကို ဖော်ပြပါဆိုလျှင် "စာတတ်မြောက်ရေး၊ ပညာရည်မြင့်မားရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး"ဟု ဖော်ညွှန်းရမည်ဖြစ်သည်။

ကမ္ဘာ့ဆရာများနေ့ (World Teachers' Day) အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာလ ၅ရက်နေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမဦကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။

အခမ်းအနားတွင် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများဖြစ်ကြသည့် မရတနာအေးမင်းနှင့် မဟောက်ခန့်ဒင်(မ်)တို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

ရှေးဦးစွာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိကြသော ကျောင်းသား၊ ကျောင်းသူလေးများက "မြတ်ဆရာ"သီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိန့်ခွန်းပြောကြားရာတွင်–

**"UNESCO အဖွဲ့ကြီး၏ (၄၄)ကြိမ်မြောက် နိုင်ငံတကာပညာရေးညီလာခံကြီးကနေပြီး ဆရာများအနေနှင့် လူ့ဘောင်အဖွဲ့အစည်း၏ တိုးတက်ကြီးပွားရေးတွင် အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်ကြိုးပမ်းစွမ်းဆောင်နေမှုကို အသိအမှတ်ပြုသည့်အနေဖြင့် အောက်တိုဘာလ ၅ရက်နေ့ကို ကမ္ဘာ့ဆရာများနေ့အဖြစ် ဂုဏ်ပြုသတ်မှတ်ခဲ့သည်နှင့်အညီ ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် ကမ္ဘာ့ဆရာများနေ့ အထိမ်း အမှတ် အခမ်းအနားများကို နှစ်စဉ်နှစ်တိုင်း အနှစ်သာရရှိရှိ တက်တက် ကြွကြွ ထည်ထည်ဝါဝါ ဂုဏ်ပြုကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် တတိယအကြိမ်မြောက်ခဲ့ပြီ ဖြစ်ကြောင်း။**

**ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် ယခုကဲ့သို့ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားများကို အလေးအနက်ထားပြီး နှစ်စဉ် ဂုဏ်ပြုကျင်းပနေခြင်းသည် ကောင်းမြတ်သော နိုင်ငံတကာလှုပ်ရှားဆောင်ရွက်မှုတစ်ရပ်တွင် ကမ္ဘာ့မိသားစုဝင် နိုင်ငံ တစ်နိုင်ငံအနေနှင့် တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်သလို ဆရာဆိုသည့် လေးစားမြတ်နိုးဖွယ် ဂုဏ်ဒြပ်ကို ကြည်ညိုပူဇော်လေ့ရှိကြသည့် မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းတစ်ရပ်ကိုပါ ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်နေခြင်းလည်းဖြစ်ကြောင်း"**

ပြောကြားသွားသည်။

**မြန်မာနိုင်ငံတွင် အမျိုးသားပညာရည်မြင့်မားရေးကို အမျိုးသားရေးဦးတည်ချက်တစ်ရပ်အဖြစ် ထားရှိပြီး ပညာရေးမြှင့်တင်မှု အစီအစဉ်များကို ရည်မှန်းချက်ကြီးမားစွာဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ၌ ဆရာများ၏ အရေးပါသည့် အခန်းကဏ္ဍကို နိုင်ငံတော်အစိုးရက အလေးထား မြှင့်တင်ဆောင်ရွက်ပေးနေသည်။**

ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ် ကဏ္ဍအားလုံးကို ပညာရေးက လွှမ်းမိုးကြီးစိုးပိုင်းဖြတ်ပေးနေသည့် **"ပညာခေတ်"**အချိန်အခါတွင် အရည်အသွေးမြင့်မားသော ပညာတတ်များနှင့် ထူးချွန်ထက်မြက်သော အသိပညာရှင်၊ အတတ်ပညာရှင်များ လုံလောက်ပြည့်စုံစွာ ပေါ်ထွန်းလာမှသာ မိမိနိုင်ငံ၊ မိမိလူမျိုး၏ ဖွံ့ဖြိုး တိုးတက်ရေးအတွက် မိမိတို့၏ ကိုယ်ပိုင်စွမ်းပကားနှင့် စွမ်းဆောင်နိုင်မည် ဖြစ်သည်။

ယနေ့ကမ္ဘာကြီးတွင် စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်ကျော်လွှားပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွားဖြစ်ထွန်းရေးကို ဖော်ဆောင်ပေးနိုင်မည့် အရည်အသွေးမြင့်မားသည့် အမျိုးသားပညာရေး စနစ်တစ်ရပ် ဖြစ်ထွန်းလာစေရန် နိုင်ငံတော်က အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများချမှတ်ပြီး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

အမျိုးသားရေး အကျိုးစီးပွား ဖော်ဆောင်ပေးနိုင်ရေးကို ရေရှည် အာမခံနိုင်မည့် အမျိုးသားပညာရေးစနစ်တစ်ရပ် ဖြစ်ထွန်းလာရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်နှင့်အညီ အမျိုးသားပညာရေးစီမံကိန်းများ ရေးဆွဲချမှတ်မှု၊ အကောင်အထည်ဖော် ဆောင်ရွက်မှု၊ နှစ်စဉ်ပြန်လည်သုံးသပ်ပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်မှု ဖြစ်စဉ်အဆင့်ဆင့်တို့တွင် ဆရာများကိုယ်တိုင် တက်ကြွစွာ ပါဝင်ဆွေးနွေးဆောင်ရွက်နိုင်စေမည့် အခွင့်အလမ်းများ၊ အစီအမံများကိုလည်း နိုင်ငံတော်က စီမံဆောင်ရွက်ပေးထားပြီး ဖြစ်သည်။

အမျိုးသားပညာရေး မြှင့်တင်မှု ဖြစ်စဉ်အဆင့်ဆင့်တွင် ဆရာများကိုယ်တိုင် ဦးဆောင်ဦးရွက်ပြု ဆောင်ရွက်နိုင်ရန်နှင့် ဆရာများကိုယ်တိုင်၏ ဆရာအတတ်ပညာအရည်အသွေး တိုးတက်မြင့်မားစေရန်အတွက်လည်း စနစ်တကျစီမံဖန်တီးပေးထားပြီး ဖြစ်သည်။

အထူးသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပညာရေးအဆင့်အတန်းကို အရှေ့တောင်အာရှရှိ ပညာရေးကဏ္ဍ၌ ရှေ့တန်းရောက်နေသည့် နိုင်ငံများနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ချမှတ်ဆောင်ရွက်ခဲ့သော အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းနှင့် အမျိုးသားပညာရည်မြင့်မားရေး အနှစ် ၃၀ နှစ်ရှည်စီမံကိန်းတို့တွင် ဆရာများကိုယ်တိုင် ဦးဆောင်ပါဝင်နိုင်စေရန် ဆရာအတတ်ပညာ အရည်အသွေးမြင့်မားရေး အစီအမံများကို အလေးထား ထည့်သွင်းချမှတ်ပြီး အကောင်အထည်ဖော်ခဲ့သည်။



ထိုကဲ့သို့ ရည်မှန်းချက်မြင့်မားစွာဖြင့် စနစ်တကျ စီမံဆောင်ရွက်ခဲ့သည့်အတွက် ဆရာများအပါအဝင် မြန်မာ့ပညာရေးကဏ္ဍ တစ်ရပ်လုံး၏ အရည်အသွေး တိုးတက်မြင့်မားလာမှုနှင့် ဆရာများ၏အခန်းကဏ္ဍ တိုးတက်ဖြစ်ထွန်းလာမှု အကျိုးရလဒ်ကောင်းများကို ယခုအခါတွင် မျက်ဝါးထင်ထင် စတင်မြင်တွေ့နေရပြီ ဖြစ်သည်။

၁၉၈၈ ခုနှစ်က တက္ကသိုလ်၊ ကောလိပ်ပေါင်း ၃၂ ခုနှင့် အခြေခံပညာကျောင်းပေါင်း ၃၃၀၀၀ ကျော်သာ ရှိခဲ့ရာမှ ယနေ့အချိန်အခါတွင် တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၅၆ ခုနှင့် အခြေခံပညာကျောင်းပေါင်း ၄၀၅၀၅ ကျောင်းအထိ တိုးတက်ဖြစ်ထွန်းနေပြီ ဖြစ်သည်။

ကျောင်းသူ ကျောင်းသားများ အနေဖြင့် ၁၉၈၈ ခုနှစ်က တက္ကသိုလ် သင်တန်းသား ၁ ဒသမ ၃၈ သိန်းကျော်နှင့် အခြေခံပညာ ကျောင်းသူ၊ ကျောင်းသား ၅ ဒသမ ၂၄ သန်းသာရှိခဲ့ရာမှ ယခုအချိန်အခါတွင် တက္ကသိုလ်သင်တန်းသား ၇ ဒသမ ၄၉ သိန်းခန့်နှင့် အခြေခံပညာ ကျောင်းသူ၊ ကျောင်းသား ၇ ဒသမ ၆၄ သန်းကျော်အထိ ပညာသင်ကြားနိုင်နေပြီ ဖြစ်သည်။

ဆရာ ဆရာမ အင်အားကို ကြည့်မည်ဆိုပါက ၁၉၈၈ ခုနှစ်က တက္ကသိုလ် ဆရာ၊ ဆရာမ ၆၅၀၀ ကျော်နှင့် အခြေခံပညာ ဆရာ၊ ဆရာမ ၁ ဒသမ ၇၄ သိန်းခန့် စုစုပေါင်း ၁ ဒသမ ၈ သိန်းကျော်သာရှိခဲ့ရာမှ ယခုအခါမှာ တက္ကသိုလ် ဆရာ၊ ဆရာမ ၁၈၀၀၀ ကျော်နှင့် အခြေခံပညာ ဆရာ၊ ဆရာမ ၂ ဒသမ ၃၇သိန်းကျော် စုစုပေါင်း ၂ဒသမ ၅၅သိန်းအထိ တိုးတက်လာခဲ့ပြီ ဖြစ်သည်။

ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပညာရေးကဏ္ဍ တစ်ခုလုံးတွင် ဆရာ၊ ဆရာမအင်အား၂ဒသမ ၅၅ သိန်းကျော်က ကျောင်းသူ၊ ကျောင်းသားအင်အား ၈ ဒသမ ၃၈ သန်းကျော်ကို လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးလာအောင် လေ့ကျင့်ပျိုးထောင်ပေးနေသည်။

နိုင်ငံတော်က တက္ကသိုလ်၊ ကောလိပ်များကို တစ်နိုင်ငံလုံး ဖြန့်ကြက်ဖွင့်လှစ်ပေးထားသလို အခြေခံပညာကျောင်းများကို ပျမ်းမျှအားဖြင့် တစ်မိုင်ခွဲပတ်လည်၌ အခြေခံပညာကျောင်းတစ်ကျောင်းနှုန်း ဖွင့်လှစ်ထားပြီး ဖြစ်သည့်အတွက် ကျောင်းများ၏ ၈၉ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် တည်ရှိနေသည်။ ထို့အပြင် နယ်စပ်ဒေသ ၁၉ခုတွင် အခြေခံပညာ ကျောင်းပေါင်း ၇၉၀အထိ တိုးချဲ့ဖွင့်လှစ်ထားပြီး အခြေခံပညာ ဆရာ၊ ဆရာမ ၃၀၀၀ကျော်က အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းသူ၊ ကျောင်းသား တစ်သိန်းကျော်ကို လေ့ကျင့်သင်ကြားပေးနေသည်။

ထို့ကြောင့် နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများအပါအဝင် နိုင်ငံတစ်ဝန်း၌ တာဝန်ထမ်းဆောင်ရင်း ကျောင်းသူ၊ကျောင်းသားများအပေါ် သားသမီးများသဖွယ် မေတ္တာ၊ စေတနာ၊ ဝါသနာ၊ အနစ်နာ၊ ကရုဏာနှင့် ဖွဲလုံ့လအပေါ် အခြေခံပြီး နိုင်ငံ့သားကောင်းသမီးမွန် လူရည်ချွန်များဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးနေကြသည့် ဆရာ၊ ဆရာမများကို ဂုဏ်ပြု ချီးကျူးရမည် ဖြစ်သည်။

အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းနှင့် အနှစ် (၃၀) နှစ်ရှည်စီမံကိန်း လုပ်ငန်းစဉ်များအရ ပညာရေးအဆင့်အတန်း မြှင့်တင်နိုင်ရေးအတွက် သင်ရိုးမာတိကာနှင့် ကျောင်းသင်ခန်းစာများ ပြုပြင်မွမ်းမံပြီး သင်ကြားသင်ယူမှုပုံစံနှင့် ပညာရည် စစ်ဆေးတိုင်းတာမှုစနစ်များ ပြောင်းလဲအကောင်အထည်ဖော် ဆောင်ရွက်နေသလို လုပ်ငန်းများထိရောက်အောင်မြင်ရေးအတွက် ဆရာ၊ဆရာမများကိုပါ ဘာသာရပ်အလိုက် မွမ်းမံသင်တန်းများ၊ ဆင့်ပွားသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိသည်။

နိုင်ငံတော်က တစ်မျိုးသားလုံး ပညာရည်မြင့်မားစေရန်နှင့် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ဘက်စုံကြိုးပမ်း ဆောင်ရွက်လျက်ရှိရာတွင် ပြန်ကြားရေးဝန်ကြီးဌာနကလည်း တစ်နိုင်ငံလုံး၌ ကျေးရွာစာကြည့်တိုက်များ ပေါ်ထွန်းလာစေရန် ပါဝင်ဆောင်ရွက်လျက် ရှိသည်။

**ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် တတိယအကြိမ် စာအုပ်၊ စာစောင်နှင့် ငွေပဒေသာပင် လှူဒါန်းပွဲအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အဖွင့်အမှာစကား ပြောကြားစဉ်။ (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များအတွက် တတိယအကြိမ် စာအုပ်၊ စာစောင်နှင့် ငွေပဒေသာပင်လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာလ ၂၄ရက်က ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပုဂ္ဂလိက စာပေတိုက်များနှင့် စာပေဖြန့်ချိရေး လုပ်ငန်းတို့မှ အလှူရှင်များ၊ စာရေးဆရာ၊ ဆရာမကြီးများနှင့် စေတနာရှင် အလှူရှင်၊ ပြည်သူများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနား၌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာတွင်–

**ယနေ့သည် ပညာခေတ်ဖြစ်ပြီး ပညာခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်မည့် အမြဲလေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းဖြစ်ရန် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိကြောင်း၊ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်နေခြင်းများ ရှိသကဲ့သို့ ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့်လည်း နိုင်ငံလူဦးရေ၏ အများစုနေထိုင်ရာဖြစ်သော ကျေးလက်ဒေသများ၌ စာကြည့်တိုက်များ ဖွင့်လှစ်ရေးကို ဆောင်ရွက်ပေးလျက် ရှိကြောင်း။**

**ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက တာဝန်ယူ၍ ပထမအဆင့်အနေဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ ကျေးရွာအုပ်စုပေါင်း ၁၃၄၇၈ ခုတွင် ၂၀၀၄–၂၀၀၅ ခုနှစ်အတွင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ အပြီးဖွင့်လှစ်သွားရန်နှင့် ဒုတိယအဆင့်အနေဖြင့် ၂၀၀၅–၂၀၀၆ ခုနှစ်တွင် နိုင်ငံအတွင်းရှိ ကျေးရွာအားလုံး ၃၀၀၀၀ ကျော်၌ ဆက်လက်ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်နေကြောင်း။**

**"ထိုသို့ဆောင်ရွက်ရာတွင် အဆောက်အအုံ၊ ပရိဘောဂ၊ စာအုပ်စာတမ်းများကို ဖြစ်နိုင်သည့်အဆင့်မှ စတင်ပြီး ဖွင့်လှစ်ဆောင်ရွက်၍ တဖြည်းဖြည်း ဆက်လက်ရှင်သန် ဖွံ့ဖြိုးတိုးတက်လာအောင် စီမံဆောင်ရွက်နေကြောင်း၊ နိုင်ငံတော်ကလည်း စာအုပ်စာတမ်းများ ဝယ်ယူ ဖြည့်တင်းပေးလျက်ရှိကြောင်း၊ ယခုနှစ်တွင် ကျေးရွာအစုလိုက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၅၁၆၁ ခု ဆက်လက် ဖွင့်လှစ်ရန်လိုအပ်သေးကြောင်း"**

ရှင်းလင်းပြောကြားသည်။

**"ပညာခေတ်"**က ပေးသည့် မြတ်ပညာအမွေများကို လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ကျေးလက်ဒေသနှင့် နယ်စပ်ဒေသများအထိ အခွင့်အလမ်းများ ပွင့်လန်းပြီး အကျိုးထူးခံစားရရှိနိုင်စေရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက နိုင်ငံတစ်ဝန်း၌ ကျေးရွာစာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေခြင်းပင် ဖြစ်သည်။

မျက်မှောက်ကာလသည် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးအတွက် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော်နေသည့် ကာလဖြစ်သည်။

တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ အသိပညာ၊ အတတ်ပညာနှင့် ဆင်ခြင်တုံတရားများ အဆင့်အတန်းရှိရှိ တိုးတက်ထွန်းကားလာမှသာ နိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်းနှင့် တည်ဆောက်မြှင့်တင်နိုင်စွမ်းများ ထက်မြက် မြင့်မားလာမည်ဖြစ်သည်။

မြန်မာလူမျိုးများ၏ ပညာရေးအပေါ်တွင် စိတ်ပါဝင်စား စေတနာသဒ္ဓါတရား ထက်သန်စွာ ပါဝင်ပူးပေါင်း ဆောင်ရွက်မှုများကြောင့် ပညာရေးကဏ္ဍ၌ ဘက်စုံဖွံ့ဖြိုးတိုးတက်လျက်ရှိသည့်နည်းတူ ကျေးရွာများ၌လည်း **ပညာဘဏ်တိုက် စာကြည့်တိုက်များ** တိုးမြှင့်ထူထောင်ဖွင့်လှစ်နိုင်လျက် ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**မြန်မာနိုင်ငံတွင် အမျိုးသားပညာရည်မြင့်မားရေးကို အမျိုးသားရေး ဦးတည်ချက် တစ်ရပ်အဖြစ်ထားရှိပြီး ပညာရေးမြှင့်တင်မှု အစီအစဉ်များကို ရည်မှန်းချက်ကြီးမားစွာဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ၌ ဆရာများ၏ အရေးပါသည့် အခန်းကဏ္ဍကို နိုင်ငံတော်အစိုးရက အလေးထား မြှင့်တင်ဆောင်ရွက်ပေးနေသည်။**

▼ ***ကျောဖုံးမှ***

အောင်ပွဲရ ဘဏ္ဍာ/အခွန်ဘောလုံးအသင်းအား ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာ့လက်ရွေးစင်အားကစားသမားများနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

အောင်ပွဲရဘဏ္ဍာ/အခွန်ဘောလုံးအသင်း၏ ပြိုင်ပွဲ၌ပါဝင်ယှဉ်ပြိုင်ခဲ့မှုအခြေအနေနှင့် အနိုင်ရဗိုလ်စွဲခဲ့မှု အနေအထားကိုသိရှိနိုင်ရန် ဘဏ္ဍာ/ အခွန်ဘောလုံးအသင်းမှ တာဝန်ရှိသူများနှင့် အားကစားသမားများအား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့သည်။

## ခက်ခက်ခဲခဲနိုင်

ရှေးဦးစွာ ဘဏ္ဍာ/အခွန်ဘောလုံးအသင်းအဖွဲ့ခေါင်းဆောင် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်မောင်လင်းအား မေးမြန်းရာတွင် “ဘဏ္ဍာ/အခွန်အသင်းအနေဖြင့် ယခုကဲ့သို့ နိုင်ငံတကာပြိုင်ပွဲတစ်ခုကို သွားရောက်ယှဉ်ပြိုင်ခွင့်ရသည့်အခွင့်အရေးကို အကျိုးရှိရှိ အသုံးချနိုင်ရန် အကောင်းဆုံးယှဉ်ပြိုင်ကစားခဲ့ကြောင်း၊ မိမိတို့အသင်းအနေဖြင့် စည်းကမ်းရှိရှိ နေထိုင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ မိမိတို့ မြန်မာအသင်း၏ စည်းလုံးမှု၊ ညီညွတ်မှုကို အိမ်ရှင်ပရိသတ်များ အထူးသဘောကျခဲ့ကြောင်း၊ ယခုကဲ့သို့ ဗိုလ်စွဲနိုင်ခဲ့သည့်အချက်မှာ အသင်းလိုက် စည်းလုံးညီညွတ်မှုနှင့် နိုင်ကိုနိုင်ရမည်ဟူသော ဖွဲ့စိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ခဲ့၍ဖြစ်ကြောင်း၊ နောက်ဆုံး ဗိုလ်လုပွဲ၌ အိန္ဒိယမှ မိုဟမ်ဘဂမ်အသင်းနှင့် ယှဉ်ပြိုင်ရာတွင် တစ်ကွင်းလုံး အိမ်ရှင်ပရိသတ်များသာရှိခဲ့ကြောင်း၊ မြန်မာပရိသတ်ဆို၍ ခြောက်ဦး၊ ခုနစ်ဦးခန့်သာရှိကြောင်း၊ ပရိသတ်ကိုကြည့်လျှင် မိမိတို့၏စိတ်ဓာတ် သိမ်ငယ်စရာဖြစ်ကြောင်း၊ သို့သော်လည်း မိမိတို့အသင်းသားများ၏ ကစားအားကို ယုံကြည်သည့်အတွက် ပရိသတ်ကို မေ့ထားရန်နှင့် မကြောက်ရန်မှာကြားခဲ့ကြောင်း၊ အိန္ဒိယပရိသတ်၏ အားပေးမှုကလည်း စိတ်ဓာတ်ချောက်ချားလောက်အောင် အုတ်အော်သောင်းတင်း အားပေးကြကြောင်း၊ မိမိတို့ အသင်းသားများအနေဖြင့် ပရိသတ်မည်မျှ အားပေးမှုရှိနေပါစေ ဘုရင့်နောင်၏ နောင်ရိုးတိုက်ပွဲမှ စိတ်ဓာတ်အတိုင်း သမိုင်း၌မော်ကွန်းထိုးနိုင်အောင် ဖောင်ဖျက်ကစားခဲ့ကြောင်း၊ မိမိတို့၏ အကြီးအကဲများကလည်း ပွဲကစားသည့်အခါ ကစားအားမကျစေရန်၊ စိတ်ဓာတ်ခိုင်မာမှု ရှိစေရန် ကြိုတင်မှာကြားခဲ့၍ ယခုပွဲ၌ စိတ်ဓာတ်မြင့်မြင့်မားမားဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ အနိုင်ရဗိုလ်စွဲသည့်အတွက် ဝမ်းသာဂုဏ်ယူမိကြောင်း၊ အကြိုဗိုလ်လုပွဲ၌ ပြိုင်ဘက်အသင်းကို ၁၀ ဂိုးသွင်းပြီးအနိုင်ရရှိခဲ့သည်မှာ ပြိုင်ပွဲသမိုင်း၌ ပထမဆုံးဖြစ်သည်ဟု သိရကြောင်း၊ မိမိတို့အနိုင်ယူခဲ့သော မိုဟမ်ဘဂမ်အသင်းသည် ပြိုင်ပွဲသမိုင်း၌ ၁၉ကြိမ်ဗိုလ်စွဲခဲ့ဖူးပြီးလက်ရှိချန်ပီယံလည်းဖြစ်ပါကြောင်း၊ မိုဟမ်ဘဂမ်အသင်း၌ ဘရာဇီးလူမျိုးကြေးစားဘောလုံးသမားသုံးဦး ပါဝင်ကြောင်း၊ အုပ်စုပွဲ၌ ဆုံတွေ့စဉ်က တစ်ဂိုးစီ သရေကျခဲ့ပြီး မိမိတို့ခြေသာကြောင်း၊ မိမိတို့ ခက်ခက်ခဲခဲကစားပြီး အနိုင်ရခဲ့ခြင်းဖြစ်ပါကြောင်း” မြန်မာ့အလင်းသို့ ပြောကြားသည်။



**၂၀၀၉ ခုနှစ် အကြိမ်(၁၁၀)မြောက် အိန္ဒိယဘောလုံးအဖွဲ့ချုပ်ဒိုင်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ဘဏ္ဍာ/အခွန်ဘောလုံးအသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် သောင်းသောင်းဖြဖြ ဤသို့ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။**

ဓာတ်ပုံ–ထွေးကြည်(မြန်မာ့အလင်း)

## ဝမ်းသာဂုဏ်ယူ

ဆက်လက်၍ အုပ်ချုပ်သူ ဦးခင်မောင်ကြိုင်အားမေးမြန်းရာတွင် “ယခုပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဆက်သွယ်စီစဉ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အသင်းအနေဖြင့် ယခုပြိုင်ပွဲ၌ အပြင်းအထန်ကြိုးစားယှဉ်ပြိုင်ခဲ့ကြောင်း၊ သီရိလင်္ကာမှ ကလပ်အသင်းကို အနိုင်ရရုံနှင့်မဖြစ်ဘဲ ဂိုးများများ သွင်းရမည့်အနေအထားဖြစ်၍ အစွမ်းကုန် ကြိုးစားခဲ့ရကြောင်း၊ အုပ်စုပထမရရှိမှသာ အိန္ဒိယမှကလပ်အသင်း နှစ်သင်းပြန်လည်ဆုံတွေ့ကာ မိမိတို့ ဗိုလ်လုပွဲတက်ရန် အလားအလာကောင်းမည်ကို တွက်ဆပြီး အုပ်စုနောက်ဆုံးပွဲ၌ ၁၀ ဂိုးရအောင် သွင်းယူခဲ့ကြောင်း၊ မိုဟမ်ဘဂမ်အသင်းမှ ဘရာဇီးလူမျိုးဘောလုံးသမား ဘီတိုသည် ခြေစွမ်းထက်သူဖြစ်ကြောင်း၊ ဗိုလ်လုပွဲ၌ ဦးဆောင်ဂိုးကို ဘရာဇီးဘောလုံးသမား ဘီတိုက ဂိုးသမားအောင်အောင်ဦးကို တိုက်ချပြီး ဂိုးသွင်းယူသွားခြင်းဖြစ်ကြောင်း၊အသင်းခေါင်းဆောင် မျိုးလှိုင်ဝင်းသည် အံ့သြလောက်အောင် ခြေစွမ်းပြကစားနိုင်ခဲ့ကြောင်း၊ မျိုးလှိုင်ဝင်း၏ခြေစွမ်းကို မှတ်ကျောက်တင်နိုင်ခဲ့သည့်ပြိုင်ပွဲဖြစ်ကြောင်း၊မျိုးလှိုင်ဝင်းအနေဖြင့် အသင်းကို ဦးဆောင်ကစားနိုင်၍ အသင်းကစားအား တက်လာခဲ့ကြောင်း၊ လူငယ်များကို ခေါ်သွားရခြင်းမှာ လူငယ်များ စိတ်ဓာတ်မြင့်မားပြီး ယုံကြည်မှု ရရှိစေလို၍ ဖြစ်ကြောင်း၊ နည်းဗျူဟာအပိုင်းအရ မိမိတို့ ထူးထူးခြားခြားပြောင်းလဲကစားခဲ့ရသည်မှာ သီရိလင်္ကာကလပ်ကို ၁၀ဂိုး–တစ်ဂိုးဖြင့်နိုင်သည့် ပွဲဖြစ်ကြောင်း၊ နိုင်ငံခြားအသင်းတစ်သင်းကို ၁၀ဂိုးသွင်းရမည်ဟူသော အခြေအနေမျိုးကို နည်းဗျူဟာချမှတ်ရသည်မှာ မလွယ်ကြောင်း၊ ယခုပြိုင်ပွဲ၌ သီရိလင်္ကာမှ ရီနှုန်းစပို့တ်ကလပ်မှလွဲလျှင် အားကောင်းသောအသင်းများ ဖြစ်ကြောင်း၊ ယခုကဲ့သို့ အနိုင်ရ ဗိုလ်စွဲခဲ့သည့်အတွက် ဝမ်းသာဂုဏ်ယူမိပါကြောင်း” မြန်မာ့အလင်းသို့ ပြောကြားသည်။

နည်းပြချုပ် ဦးမြင့်ကြူးကလည်း “အဖွင့်ပွဲစဉ်၌ မိုဟမ်ဘဂမ်အသင်းနှင့် ကစားရာ မြန်မာအသင်းက ဦးဆောင်ဂိုးရရှိခဲ့ပြီး ခြေလည်းသာကြောင်း၊ မိမိတို့နှစ်ဂိုးလောက်ရသင့်ကြောင်း၊ သို့သော် ဒုတိယပိုင်း၌ တစ်ဖက်အသင်းကခြေသာ၍ သရေနှင့်ကျေနပ်ခဲ့ရကြောင်း၊ သီရိလင်္ကာမှ ရီနှုန်းစပို့တ်ကလပ်ကို မိုဟမ်ဘဂမ်က ကိုးဂိုး–ဂိုးမရှိဖြင့်အနိုင်ရထား၍ မိမိတို့ ဂိုးများများသွင်းမှ ဖြစ်မည့်အနေအထားဖြစ်ကြောင်း၊ အကယ်၍ အုပ်စု ဒုတိယဆိုလျှင် တစ်ဖက်အုပ်စုမှ အုပ်စုပထမရရှိသော ကင်းဖစ်ရှာ(အရှေ့ဘင်ဂေါ)အသင်းနှင့် ကစားရမည်ဖြစ်ကြောင်း၊ ကင်းဖစ်ရှာ(အရှေ့ဘင်ဂေါ) အသင်းသည် အာဆီယံကလပ်ချန်ပီယံဖြစ်ပြီး အိန္ဒိယ၌အကောင်းဆုံး ကလပ်အသင်းဖြစ်ကြောင်း၊ သီရိလင်္ကာ ရီနှုန်းစပို့တ်ကလပ်ကို ပထမပိုင်း၌ လေးဂိုးသာသွင်းနိုင်ပြီး ဒုတိယပိုင်းပြန်စသည့်အခါ တစ်ဂိုးပြန်ပေးလိုက်ရကြောင်း၊ သို့သော် မိမိတို့ အသင်း တင်ကစားနိုင်၍ ပွဲအပြီးတွင် ၁၀ဂိုး–တစ်ဂိုးဖြင့်နိုင်ပြီး အုပ်စုပထမရရှိခဲ့ကြောင်း၊ အကြိုဗိုလ်လုပွဲ၌ မိုဟမ်မေဒင်ကလပ်အသင်းနှင့်ကစားရပြီး သုံးဂိုး–တစ်ဂိုးဖြင့်နိုင်ခဲ့ကြောင်း၊ဒုတိယအကြိုဗိုလ်လုပွဲ၌ အိန္ဒိယနိုင်ငံမှ အကြီးအကျယ်ဆုံး နှစ်သင်းဆုံတွေ့ခဲ့ကြောင်း၊ ၎င်းတို့နှစ်သင်းမှာ ယမန်နှစ်ပြိုင်ပွဲ၌ ဗိုလ်လုပွဲတွင်ဆုံတွေ့ခဲ့ရာ မိုဟမ်ဘဂမ်အသင်းက ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အရှေ့ဘင်ဂေါအသင်းကို အနိုင်ရရှိခဲ့ကြောင်း၊ ဒုတိယအကြိုဗိုလ်လုပွဲ၌ မိုဟမ်ဘဂမ်က အရှေ့ဘင်ဂေါကို ပယ်နယ်တီဖြင့်အနိုင်ရရှိပြီး ဗိုလ်လုပွဲတက်လာကြောင်း၊ ဗိုလ်လုပွဲ၌ မိုဟမ်ဘဂမ်နှင့်ပြန်လည်ဆုံတွေ့ခဲ့ရာ မိမိတို့ အဖွင့်ပွဲစဉ်ကကဲ့သို့ ခြေစွမ်းမျိုးမရဘဲ အမှားများရှိခဲ့ကြောင်း၊ မထင်မှတ်ဘဲ မိုးရွာသွန်းလာသဖြင့် ကွင်းချောပြီး ကစားရ ခက်ခဲခဲ့ကြောင်း၊ သို့သော် ပွဲချိန်ကြာလာသည်နှင့်အမျှ မိုဟမ်ဘဂမ်အသင်း ကစားအားကျလာပြီး မိမိတို့အသာစီးရခဲ့ကြောင်း၊ မြန်မာနိုင်ငံသို့ ခြေစမ်းပွဲလာရောက်ကစားခဲ့သည့် မိုဟမ်ဘဂမ်အသင်းမှ ကစားသမား ကိုးဦးမပါဘဲ အသင်းသစ်ကဲ့သို့ဖြစ်နေကြောင်း၊ မြန်မာနိုင်ငံသို့ လာရောက်ခြေစမ်းသည့် မိုဟမ်ဘဂမ်အသင်းနှင့်မတူဘဲ မိမိတို့ ရင်ဆိုင်ခဲ့ရသည့်အသင်းမှာ ခြေစွမ်းများစွာသာလွန်ကြောင်း၊ မိမိတို့အသင်းမှ မျိုးလှိုင်ဝင်း၊ အောင်ကျော်မိုး၊ စိုးမြတ်မင်းနှင့် ရန်ပိုင်တို့ အကောင်းဆုံးကစားနိုင်ခဲ့ကြောင်း၊ မိမိတို့အားကစားသမား ၁၆ ဦးကို အသုံးပြုကစားခဲ့ကြောင်း၊ အသင်းခေါင်းဆောင် မျိုးလှိုင်ဝင်းအနေဖြင့် အသင်းကိုဦးဆောင်မှုပေးနိုင်ကြောင်း၊ အသင်းသားများ ဂိုးသွင်းနိုင်အောင် အကွက်ဆင်ပေးနိုင်ကြောင်း၊ မျိုးလှိုင်ဝင်း ငယ်မူငယ်သွေးပြနိုင်ခဲ့သည့်ပွဲ ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် နိုင်ငံတကာပြိုင်ပွဲ၌ ဘဏ္ဍာ/အခွန်အသင်း ပထမဆုံးဆုတံဆိပ်ရရှိခဲ့၍ ပျော်ရွှင်မိပါကြောင်း” မြန်မာ့အလင်းသို့ ပြောကြားသည်။

## ကစားအားအစွမ်းကုန်ထုတ်သုံး

အသင်းခေါင်းဆောင် မျိုးလှိုင်ဝင်းကလည်း“ယခုပြိုင်ပွဲမှာ နိုင်ငံတကာအဆင့်ပြိုင်ပွဲဖြစ်၍ အထူးကြိုးစားယှဉ်ပြိုင်ခဲ့ကြောင်း၊ မိမိအသက်အရွယ်နှင့် ကြံ့ခိုင်မှုအရ ကစားအားကို ချွေတာပြီး ထိန်းကစားခဲ့ကြောင်း၊ ပွဲဆက်များမည်ဖြစ်၍ ဒဏ်ရာရရှိမှုကင်းအောင် ဂရုစိုက်ခဲ့ကြောင်း၊ ယခင်က ဂိုးသွင်းရသည်ကို ပို၍ စိတ်အားထက်သန်သော်လည်း ယခုအခါ ကစားဖော်များ ဂိုးသွင်းနိုင်အောင် အဓိကဖန်တီးပေးခဲ့ကြောင်း၊သီရိလင်္ကာကလပ်နှင့်ပွဲတွင် ဂိုးများများ သွင်းရမည်ဖြစ်၍ ကိုယ်တိုင် ဂိုးသွင်းသလို ဂိုးရအောင်လည်းဖန်တီးပေးခဲ့ကြောင်း၊ ယခုပြိုင်ပွဲမသွားခင် ဟောင်ကောင်မှ ကစ်ချီကလပ်အသင်းနှင့် ကစားခဲ့၍ မိမိကစားအားမည်မျှရှိသည်ကိုချင့်ချိန်နိုင်ခဲ့ကြောင်း၊ မိခင်ကလပ်အသင်းကို ကိုယ်စားပြုပြီး ပထမဆုံးအကြိမ် နိုင်ငံတကာပြိုင်ပွဲမှ ဆုတံဆိပ်ရရှိခဲ့ကြောင်း၊ လာမည့် တိုက်ဂါးဖလားပွဲ၌ နိုင်ငံကိုယ်စားပြု ကစားခွင့်ရမည်ဆိုလျှင် ကိုယ့်မှာရှိသည့် ကစားအားကို အစွမ်းကုန်ထုတ်ပြီး ကစားပြမည်ဖြစ်ပါကြောင်း” မြန်မာ့အလင်းသို့ ပြောကြားသည်။

## အထူးဝမ်းသာ

အလယ်တန်းလူ စိုးမြတ်မင်းအား မေးမြန်းရာတွင်“ယခုပြိုင်ပွဲ၌ ကစားခဲ့ရသည်ကို အထူးအားရမိပါကြောင်း၊ အလယ်မှတိုက်စစ်ကို လိုက်ပါကစားခဲ့သလို အလယ်တန်းမှ ခံစစ်တာဝန်ကိုလည်းယူရကြောင်း၊ ယခင်က ခေါင်းတိုက်ဂိုးများ သွင်းခဲ့သော်လည်း ယခုပြိုင်ပွဲ၌ လေးဂိုးသွင်းခဲ့သည်မှာ ဘယ်ခြေဖြင့် နှစ်ဂိုး၊ ညာခြေဖြင့် နှစ်ဂိုးသွင်းခဲ့ကြောင်း၊ ပြည်တွင်းပွဲများ ကစားခဲ့ရာ၌ အားရမှုရှိသလို ယခုပွဲ၌လည်း အားရမိပါကြောင်း၊ ယခင်က ရွှေတံဆိပ်မရရှိခဲ့ဖူး၍ ယခုလို အောင်မြင်မှုရရှိသည့်အတွက် အထူးဝမ်းသာမိကြောင်း”မြန်မာ့အလင်းသို့ ပြောကြားသွားသည်။

အလယ်တန်းလူ ထွန်းထွန်းဝင်းကလည်း“မိမိအနေဖြင့် ယခုပြိုင်ပွဲ၌ ပထမပွဲတွင် ပွဲချိန်ပြည့်ကစားရပြီး နောက်ပွဲစဉ်များ၌ ဒုတိယပိုင်းတွင် လူစားဝင်ခဲ့ရကြောင်း၊ ဖိုင်နယ်၌ ပယ်နယ်တီကန်သွင်းသည့်အခါ စိတ်လှုပ်ရှားမှုမရှိပါကြောင်း၊ ပထမပယ်နယ်တီကို စိုးလင်းထွန်းကန်သွင်းရာ ဂိုးမဝင်၍ ဒုတိယပယ်နယ်တီကို မိမိကန်ရသည့်အခါ ဝင်မှဖြစ်မည့် အနေအထားဖြစ်ကြောင်း၊ သို့သော် မိမိစိတ်ထဲတွင် စိုးရိမ်စိတ်မရှိဘဲ မိမိတို့နိုင်မည်ဟု ယုံကြည်နေခဲ့ကြောင်း၊ မိမိအနေဖြင့် ဘဏ္ဍာ/အခွန်အသင်းနှင့် အတူ ပထမဆုံးနိုင်ငံတကာပြိုင်ပွဲသို့ လိုက်ပါကစားခွင့်ရပြီး ဗိုလ်စွဲခဲ့၍ ဝမ်းသာဂုဏ်ယူမိကြောင်း” မြန်မာ့အလင်းသို့ ပြောကြားသွားသည်။

ခြေစွမ်းပြကစားပြီး သုံးဂိုးသွင်းပေးခဲ့သော အလယ်တန်းလူ အောင်ကျော်မိုးကလည်း “မိမိအနေဖြင့် ပွဲစဉ်တိုင်း ပါဝင်ကစားခဲ့ရပြီး ဆီမီးဖိုင်နယ်ပွဲစဉ်၌ ကစားရသည်ကို အားအရဆုံးဖြစ်ကြောင်း၊ အဓိကခက်ခက်ခဲခဲကစားရသည်မှာဖိုင်နယ်ပွဲဖြစ်ကြောင်း၊ ဒိုင်လူကြီးကလည်း အိမ်ရှင်အသင်းကို အလေးသာပေးနေ၍ မိမိတို့ကစားရသည်မှာ အခက်တွေ့ရကြောင်း၊ ယခင်ကစားနေကျ အလယ်တန်း ညာအစွန်၌ကစားခဲ့ရကြောင်း၊ ဂိုးသွင်းယူနိုင်ခဲ့သည်မှာ သီရိလင်္ကာအသင်းကို ဂိုးများများ သွင်းမှဖြစ်မည်ဟူသော စိတ်ဓာတ်ဖြင့် ကြိုးစားကစားခဲ့၍ဖြစ်ကြောင်း၊ ဘဏ္ဍာ/အခွန်အသင်းအနေဖြင့် ယခင်က ဆုတံဆိပ်မရခဲ့ဖူး၍ ယခုလို ဆုရရှိသည့်အခါ အလွန်ဝမ်းသာပျော်ရွှင်မိကြောင်း”မြန်မာ့အလင်းသို့ပြောကြားသည်။

## ဆုကြေးရရှိ

အိန္ဒိယ ဘောလုံးအဖွဲ့ချုပ်ဒိုင်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့၌ စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၀ ရက်အထိ ကျင်းပခဲ့သည်။ ဘဏ္ဍာ/အခွန်အသင်းသည် အုပ်စုပွဲစဉ်၌ အိန္ဒိယမှ မိုဟမ်ဘဂမ်အသင်းနှင့် တစ်ဂိုးစီသရေကျပြီး သီရိလင်္ကာမှ ရီနှုန်းစပို့တ်ကလပ်ကို ၁၀ ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အကြိုဗိုလ်လုပွဲတွင် အိန္ဒိယမှ မိုဟမ်မေဒင်အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ နောက်ဆုံးဗိုလ်လုပွဲတွင် အိန္ဒိယမှ မိုဟမ်ဘဂမ်အသင်းကို ငါးဂိုး–သုံးဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ဘဏ္ဍာ/အခွန်အသင်းသည် ပထမရရှိသဖြင့် ဆုကြေးအမေရိကန်ဒေါ်လာ ၁၁၀၀၀ ရရှိခဲ့သည်။ တံခွန်စိုက်ဒိုင်းဆုကြီးကိုမူ ဆုပေးပွဲအပြီးတွင် ပြန်လည် ပေးအပ်ခဲ့ရပြီး ဆင့်ပွားဒိုင်းဆုကို မကြာမီပေးပို့မည်ဟု သိရသည်။

## ဘဏ္ဍာ/အခွန်အသင်း

ဘဏ္ဍာ/အခွန်အသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်မောင်လင်း၊ အတွင်းရေးမှူးအဖြစ် ဦးရဲသန်းကျော်၊ အုပ်ချုပ်သူအဖြစ် ဦးခင်မောင်ကြိုင်၊ နည်းပြချုပ်အဖြစ် ဦးမြင့်ကြူး၊ လက်ထောက်နည်းပြအဖြစ် ဦးတင်မြင့်အောင်၊ ဂိုးနည်းပြအဖြစ် ဦးတင်မောင်သိန်းတို့က လိုက်ပါဆောင်ရွက်ခဲ့ကြသည်။

## သူတို့ပါဝင်

အားကစားသမားများအဖြစ် **(ဂိုး)** အောင်အောင်ဦး၊ ဟိန်းဇေယျာကျော်၊ **(နောက်တန်း)**စိုးမြတ်မင်း၊ မိုးကျော်သူ၊ အောင်ကျော်မြင့်၊ စိုးလင်းထွန်း၊ အောင်ဟိန်းလတ်(ခ)ခင်မောင်ထွန်း၊ မင်းမင်းအောင်၊ အောင်ထွန်းလင်း၊ **(အလယ်တန်း)**အောင်ကျော်မိုး၊ လွင်ဦး၊ ထွန်းထွန်းဝင်း၊ ကျော်သူရ၊ ကျော်ကျော်စိုး၊ အေးမင်းထွန်း၊ သူရအောင်၊ **(ရှေ့တန်း)**မျိုးလှိုင်ဝင်း၊ ရန်ပိုင်နှင့် ဇော်ထိုက်တို့ပါဝင်ကြသည်။ ။

**(မြန်မာ့အလင်း)**


## လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

* ✻ သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
* ✻ သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံးလိုအပ်သော လျှပ်စစ်ဓာတ်အားကိုသုံးစွဲပါ။
* ✻ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
* ✻ ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

**ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။**

# သာကေတ၊ ဒေါပုံနှင့် လှိုင်မြို့နယ်ဘုန်းတော်ကြီးကျောင်းများနှင့်သီလရှင်ကျောင်းများသို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၁

**ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း၂၄ကျောင်းနှင့် သီလရှင်ကျောင်းနှစ်ကျောင်းတို့သို့ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ၁နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ဇိနမာရ်အောင်စေတီတော်ပရဝဏ်ရှိ ဝိမုတ္တိရသ ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပသည်။**

ရှေးဦးစွာ ဒေါပုံမြို့နယ် သာသနာ့အလင်းရောင် ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက သာသနဓဇ သီရိပဝရဓမ္မာစရိယ ဘဒ္ဒန္တ ဇောတိက ဆရာတော်ထံမှ တက်ရောက်လာသူများက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးဗိုလ်ချုပ်စိန်ထွား၊ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ ဒုတိယ မြို့တော်ဝန်နှင့် တပ်မတော်အရာရှိကြီးများက ဆရာတော်၊သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော် (ကြည်း၊ ရေ၊လေ) မိသားစုများက လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီနှင့်ပဲတို့ကို မိသားစုများကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိမ်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှဒုတိယဗိုလ်မှူးကြီးတင်အောင်စန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)မှ စစ်ဦးစီးဗိုလ်မှူးကြီး (လေ)ဒုတိယ ဗိုလ်မှူးကြီးနေဝင်းတို့က ပါဠိကာရီပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော်နှင့် သီလရှင်ဆရာကြီးများထံဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် ဆွမ်းဆန်တော်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကလှူဒါန်းသည့်ဆွမ်းဆန်တော်များ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကိုက သာသနာရေးဝန်ကြီးဌာနက လှူဒါန်းသည့် ဆွမ်းဆန်တော်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့က ဆွမ်းဆန်တော်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်က ဆီနှင့် ဆပ်ပြာများ၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းက အိုင်အိုဒင်းဆား၂၂၇၇ပိဿာနှင့်သွားတိုက်ဆားဘူး ၄၅၅ဘူး၊ ကျန်းမာရေး ဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာနနှင့် အားသစ်မာန်ဆေးတိုက်တို့က တိုင်းရင်းဆေးဝါးမျိုးစုံဘူး၅၅၀၊ သာကေတမြို့နယ်မှ စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၂၁အိတ်၊ဦးသိန်းမောင်–ဒေါ်ပါးပါး စန္ဒီပရဆေး မိသားစုနှင့် ဦးငြိမ်း–ဒေါ်အုံးကြင်၊သား ကိုဝင်းဇော် အိုကေဆန်ဆီရောင်းဝယ်ရေး မိသားစုတို့က ဆွမ်းဆန်တော်၁၀အိတ်စီ၊ ရန်ကုန်တိုင်းငါးလုပ်ငန်း အဖွဲ့ချုပ်က ဆွမ်းဆန်တော်ငါးအိတ်၊ဒေါပုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းက ဆွမ်းဆန်တော် နှစ်အိတ်၊ SSI ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီက ပါရစီတမောလ်ဆေးဝါးများနှင့်အားဖြည့်အချိုရည်များ၊သမားတော်ကြီး ဦးရွှေမြ–ဒေါ်ခင်ယုံ မိသားစုက သွားတိုက်ဆေးမှုန့် အထုပ်၃၀၀တို့ကို ဆက်ကပ်လှူဒါန်းကြသည်။





**သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၂၄ကျောင်းနှင့် သီလရှင်ကျောင်း နှစ်ကျောင်းသို့ တပ်မတော် (ကြည်း၊ ရေ၊လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ လှူဒါန်းပွဲအခမ်းအနားတွင်တပ်မတော်(ကြည်း၊ရေ၊ လေ)မိသားစုများလှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီနှင့် ပဲတို့ကို မိသားစုများကိုယ်စား တပ်မတော်အရာရှိကြီးများက သီလရှင်ဆရာကြီးများထံ လှူဒါန်းစဉ်။** (သတင်းစဉ်)

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် မြင့်ဆွေ ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်၁၅တိုက်နှင့် သီလရှင်စာသင်တိုက်တစ်တိုက်သို့ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းပွဲအခမ်းအနား တွင် ဆရာတော်ထံလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

### အလှူရှင်များ

ထို့နောက် ဆွမ်းပဒေသာပင် အလှူတော်ငွေအဖြစ် အလှူရှင်များဖြစ်ကြသည့် တပ်မတော် (ကြည်း၊ ရေ၊လေ) မိသားစုများကငွေကျပ်၂၆၀၀၀၀၊ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၇၈၀၀၀၊ ရန်ကုန်အရှေ့ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ဒေါပုံမြို့နယ်နှင့် သာကေတမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ်သုံးသိန်း၊ သာကေတမြို့နယ် ၁/အနော်မာရပ်ကွက်နေ ဦးကြည်–ဒေါ်ခင်တင့် မိသားစုက ငွေကျပ်သိန်း ၅၀၊ သာကေတမြို့နယ်မှ ဦးလှထွန်း–ဒေါ်ခင်ရီ(ဝင်းထွန်း မော်တော်ယာဉ်လီမိတက်)မိသားစုက ငွေကျပ်သိန်း ၂၀၊ ဦးအောင်မွန်–ဒေါ်လှလှမော် (မြင့်မြတ်စပါး စိုက်ပျိုးရေးလုပ်ငန်း) မိသားစုက ငွေကျပ်၁၂သိန်း၊ ဒေါပုံမြို့နယ် ပုသိမ်မြေရပ်ကွက်နေ ပြည်သူများကစုပေါင်းလှူဒါန်းငွေကျပ်၇၅၄၆၈၀၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဦးချစ်မွေး–ဒေါ်မြင့်မြင့်ရီ (သပြေညို အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး) မိသားစုတို့က ငွေကျပ် ခြောက်သိန်း၊ ဒေါ်ခင်နွဲ့ရီ၊ သား ဒေါက်တာတင်စိုးလင်း (ရွှေပုစွန် ကုမ္ပဏီလီမိတက်) မိသားစုကငွေကျပ်ငါးသိန်း၊ဒေါပုံမြို့နယ် ဆုတောင်းပြည့်ဘုရား ဂေါပကအဖွဲ့က ငွေကျပ်ငါးသိန်း၊ ဒေါ်ခင်အေးကြူ (ဒို့လုပ်သားသစ်စက်)မိသားစုက ငွေကျပ်ငါးသိန်း၊ဒေါပုံမြို့နယ် ဆေးစက်ရပ်ကွက်နေ ပြည်သူများက စုပေါင်းလှူဒါန်းငွေကျပ်၃၅၉၄၇၀၊မြန်မာပြည်သားဟော့ကေအင်န်ကုမ္ပဏီဦးတင်ဝင်း–ဒေါ်စန်းဝင်း မိသားစု၊ ဦးအောင်မြတ် (Mother Trading Co., Ltd.) မိသားစု၊ ဦးကျော်နိုင်ဦး(နိုင်ဂရု(ပ်) ဆောက်လုပ်ရေးနှင့် ချယ်ရီဦး နာရီအရောင်းဆိုင်)မိသားစုနှင့် သာကေတမြို့နယ် မဟာရှမဝ ဆောက်လုပ်ရေး မိသားစုတို့ကငွေကျပ်သုံးသိန်းစီ၊သမားတော်ဦးဘိုကြီး–ဒေါ်သန်းသန်း (ပြည်လုံးချမ်းသာဆေးတိုက်) မိသားစု၊ ဦးတင့်ဆန်း (ACE ဆောက်လုပ်ရေး) မိသားစု ဒေါက်တာဝင်းဇော် (Lizstar Enterprise Co., Ltd.)၊ တာမွေမြို့နယ်မှဒေါက်တာမိုးတင်၊ သဃ်န်းကျွန်းမြို့နယ်နေ ဦးကိုကိုလတ်–ဒေါ်တင်တင်မေ (ကြည်သာရတနာရွှေဆိုင်) မိသားစု၊ သီရိသုဓမ္မ မဏိဇောတရေ ဦးစိန်လှဝင်း (စိန်နှင့်စန်း ကုမ္ပဏီ)၊ ဦးခင်ဇော်(ကျားကိုးကောင် မော်တော်ယာဉ် ထုတ်လုပ်ရေး)၊ ဒေါပုံ မြို့နယ်မှ ဦးစောမောင်၊ မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်များအသင်း၊ ဒေါပုံမြို့နယ်နေ ဦးစိန်ဝင်း–ဒေါ်သန်းရင် မိသားစု၊ ဦးမြင့်သိန်း–ဒေါ်ချို မိသားစု၊ဦးတင်ယု မိသားစုနှင့် ဦးမောင်ရှိန်–ဒေါ်သိန်းညွန့်မိသားစုတို့ကငွေကျပ်နှစ်သိန်းစီ၊ ဒေါပုံမြို့နယ် မြို့သစ်ရပ်ကွက်နေ ပြည်သူများက စုပေါင်းလှူဒါန်းငွေကျပ် ၁၅၀၆၅၀၊ဦးလှထွန်း–ဒေါ်ခင်ရီ (ဝင်းထွန်း မော်တော်ယာဉ်လီမိတက်) မိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးသိန်းမောင်–ဒေါ်ပါးပါးစန္ဒီပရဆေး မိသားစုက ငွေကျပ်၁၅၀၀၉၀၊ဘီတီဘီကုမ္ပဏီ ဦးသိုင်းဝင်း–ဒေါ်ရွှေရွှေညွန့် မိသားစုက ငွေကျပ် ၁၅၀၀၀၀၊ ဦးသန်း နိုင်–ဒေါ်ကြည်ကြည်ဆွေ (သမ္မတ သက်န်းတိုက်)မိသားစုကငွေကျပ် ၁၂၀၀၀၀၊ ဝင်းရတနာခရီးသွားလုပ်ငန်းမှ ဦးတင်အောင်–ဒေါ်လှလှနွယ်မိသားစုက ငွေကျပ် ၁၀၈၀၀၀၊ မြောက်ဥက္ကလာပမြို့နယ် ချမ်းမြေ့စတိုးမှ ဦးသန်းမောင် မိသားစုက ငွေကျပ်၁၀၈၀၀၀၊ လမ်းမတော်မြို့နယ်မှ ဒေါ်လှလှက ငွေကျပ် ၉၀၀၀၀၊ ဆန်းမြန်မာကုမ္ပဏီမှ ဦးမျိုးအောင်–ဒေါ်ခင်ရည်မွန် မိသားစုက ငွေကျပ်၈၀၀၀၀၊ သာကေတမြို့နယ် ၃/မာန်ပြေ ရပ်ကွက်နေ ဦးစိုးမြင့်အောင် ဒေါ်သီတာလွင်မိသားစုက ငွေကျပ်၁၁၀၀၀၀၊ ဒေါပုံမြို့နယ် ဆန်ကုန်သည်များအသင်းနှင့် ဆီကုန်သည်များအသင်းတို့ကငွေကျပ် ၁၃၅၀၀၀ စီအပါအဝင်အလှူရှင်၈၀တို့က အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးဗိုလ်ချုပ်စိန်ထွား၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်စိုး၊ ဗိုလ်ချုပ်အောင်သိမ်းနှင့်တပ်မတော်အရာရှိကြီးများက လက်ခံကြသည်။

အဆိုပါ အခမ်းအနားတွင် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ လှူဒါန်းမှု စုစုပေါင်း မှ ဆွမ်းဆန်တော် ၆၃၃အိတ်၊ဆီပိဿာ၂၃၀၊ပဲ၄၅၅ပိဿာ၊ အိုင်အိုဒင်းဆား၂၂၇၇ပိဿာ၊သွားတိုက်ဆားဘူး ၄၅၅ဘူး၊ တိုင်းရင်းဆေးမျိုးစုံဘူး၁၃၇၀၊ ဆပ်ပြာ၄၅၅၉တောင့်နှင့် ဆွမ်းပဒေသာပင်အလှူတော်ငွေ ၂၀၂၄၃၈၉၁ကျပ် ဖြစ်သည်။

အလားတူ ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၅တိုက်နှင့် သီလရှင်စာသင်တိုက် တစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့်စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန် တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲအခမ်းအနားကို ညနေ ၃နာရီခွဲတွင် လှိုင်မြို့နယ် အမှတ်(၁၃) ရပ်ကွက်ရှိပဏ္ဍိတာရာမပရိယတ္တိစာသင်တိုက် ကျောင်းဆောင်၌ ကျင်းပသည်။

### ရှစ်ပါးသီလခံယူ

ရှေးဦးစွာ နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ပဏ္ဍိတာရာမ ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတထံမှ ဧည့်ပရိသတ်တို့က ရှစ်ပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ သာသနာရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သူရ မြင့်မောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်မြင့်၊ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီး မောင်ပါနှင့် တပ်မတော် (ကြည်း၊ရေ၊ လေ) အရာရှိကြီးများက ဆရာတော်၊ သံဃာတော်များအားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော် (ကြည်း၊ ရေ၊လေ) မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့်ပဲတို့ကို မိသားစုများကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိမ်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှဒုတိယဗိုလ်မှူးကြီးတင်အောင်စန်းနှင့် စစ်ဦးစီးဗိုလ်မှူးကြီး (လေ)ဒုတိယဗိုလ်မှူးကြီးနေဝင်းတို့က ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီးတို့ထံဆက်ကပ် လှူဒါန်းကြသည်။

### ဆက်ကပ်လှူဒါန်း

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သာသနာရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့က လှူဒါန်းသော ဆွမ်းဆန်တော်များကို တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့က ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းကြသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲများကို တာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက်ဆွမ်းပဒေသာပင် အလှူတော်ငွေများအဖြစ် တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများက ငွေကျပ်၁၆၀၀၀၀၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၅၁၀၀၀၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် လှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ်၁၅၀၀၀၀ Gankul Engineering & Fresh Air Conditioners Co., Ltd ကငွေ၁၁၆၆၄၇၈ကျပ်၊ လှိုင်မြို့နယ်မှ စေတနာရှင်များက ငွေကျပ် ၅၄၀၀၀၀၊ လှိုင်မြို့နယ်ရှိ အထက၊ အလကနှင့် အမကများက ငွေကျပ် ၂၅၄၁၀၀၊ မြန်မာပြည်သားဟော့ကေအင်န် ကုမ္ပဏီနှင့် ပြည်လုံးချမ်းသာဆေးတိုက်တို့က ငွေကျပ်၂၀၀၀၀၀စီ၊ ဝင်းရတနာ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းက ငွေကျပ်၁၀၈၀၀၀ ၊ဘီတီဘီကုမ္ပဏီက ငွေကျပ်၁၅၀၀၀၀၊ သမ္မတ သင်္ကန်းတိုက်က ငွေကျပ်၁၂၀၀၀၀၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများကငွေကျပ်၁၆၀၀၀၀ ဒေါ်နုပစ္စည်းမျိုးစုံအငှားလုပ်ငန်း၊ဒေါ်ခင်မေမိသားစု၊မာဃဆေးပေါ့လိပ်လုပ်ငန်း၊ ဦးမောင်မောင်နှင့်ညီများ သားရေလုပ်ငန်းနှင့် ဦးအောင်မြတ်စိုး မိသားစုတို့ကငွေကျပ်၁၀၀၀၀၀စီ၊ ဆန်းမြန်မာကုမ္ပဏီလီမိတက်ကငွေကျပ် ၈၀၀၀၀၊ အမှတ်(၂)ရပ်ကွက်မှ ပြည်သူများက ငွေကျပ်၆၅၀၀၀၊ မြောက်ဥက္ကလာပ ချမ်းမြေ့စတိုးက ငွေကျပ် ၆၃၀၀၀၊ လမ်းမတော်မြို့နယ်မှ ဒေါ်လှလှနှင့် မလိခ ကျောက်သဲရောင်းဝယ်ရေးလုပ်ငန်းတို့က ငွေကျပ်၅၀၀၀၀စီ၊ စန္ဒီပရဆေးမိသားစုက ငွေကျပ် ၁၅၀၀၉၀၊ အေးမြတ်မွန် ပဲမျိုးစုံရောင်းဝယ်ရေး Y.I.E.C ၊ ရွှေစင်ရတနာရွှေဆိုင်နှင့် အမှတ်(၇)ရပ်ကွက်မှ လုပ်ငန်းရှင်များက ငွေကျပ်၅၀၀၀၀စီ အပါအဝင် အလှူရှင်များက စုစုပေါင်းအလှူတော်ငွေ ၄၇၃၄၆၆၈ကျပ်တို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ဒုတိယမြို့တော်ဝန်နှင့် တပ်မတော်အရာရှိကြီးများက စာသင်တိုက်များကိုယ်စား လက်ခံကြသည်။

### အလှူတော်ငွေ

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၅တိုက်နှင့် သီလရှင်စာသင်တိုက် တစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ယနေ့လှူဒါန်းမှုအစုစုတို့မှာ ဆွမ်းဆန်တော်အိတ်၄၂၀၊ ဆီပိဿာ၁၅၀၊ အိုင်အိုဒင်းဆားပိဿာ ၁၄၀၀၊သွားတိုက်ဆားဘူး၂၈၀၊တိုင်းရင်းဆေးမျိုးစုံဘူး၃၅၄၀၊ပဲ ပိဿာ ၂၈၀နှင့်ဆွမ်းပဒေသာပင်အလှူတော်ငွေ စုစုပေါင်းငွေ ၄၇၃၄၆၆၈ ကျပ်ဖြစ်သည်။ **(သတင်းစဉ်)**

## စစ်ကိုင်းတောင် ဆွမ်းဦးပုညရှင်စေတီတော်ကြီး ရွှေထီးတော်သစ်တင်လှူမည်

**ရန်ကုန် အောက်တိုဘာ ၁၁**

စစ်ကိုင်းတောင်ရိုး ဝတ်ရုံတောင်တော်၏ တောင်ထွတ်တွင် တည်ရှိသော ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး၏ ထီးတော်မြတ်ကြီးမှာ နှစ်ပေါင်းနှစ်ရာခန့် ကြာညောင်းဟောင်းနွမ်းနေပြီဖြစ်သည့်အတွက် စေတီတော်ကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် သီတဂူဆရာတော်တို့ဦးဆောင်၍ ထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို အသစ်တင်လှူမည်ဖြစ်ရာ ကုသိုလ်ဒါန ပါဝင်လိုကြသည့် စေတနာရှင် အပေါင်းတို့သည် ပုညရှင်စေတီတော် ဂေါပကအဖွဲ့၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် သီတဂူဆရာတော်တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သတင်းကောင်း ပါးအပ်ပါသည်။



ဆွမ်းဦးပုညရှင်စေတီတော်ကြီးကို အနီးကပ်ဖူးမြော်ရစဉ်။

ဆွမ်းဦးပုညရှင်စေတီတော်ကြီးသည် ပင်းယခေတ် တစ်စီးရှင် သီဟသူမင်း လက်ထက် သက္ကရာဇ် ၆၇၄ခုနှစ်တွင် ပုညအမတ်ကြီး တည်ထားခဲ့သော စေတီတော်ကြီးဖြစ်ပါသည်။ သက်တော်နှစ်ပေါင်း ၇၀၀ခန့်ရှိပြီး ဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးအမွေအနှစ်၊ သမိုင်းအမွေအနှစ်၊ ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့်အတွက် သာသနာ့သမိုင်း၊ မြန်မာ့သမိုင်းမှတ်တိုင်ကြီးတစ်ခုကို အများပြည်သူတို့ ဝိုင်းဝန်းစောင့်ရှောက်သောအားဖြင့် လှူဒါန်းနိုင်ကြပါကြောင်း နှိုးဆော်လိုက်ပါသည်။

**ဆွမ်းဦးပုညရှင်စေတီတော်ကြီး စောင့်ရှောက်ရေးဂေါပကအဖွဲ့**
**စေတီတော်ရင်ပြင် စစ်ကိုင်းတောင်ရိုး။**

## ရွှေသဘာ၏ကြာစောင့်ရေ စာအုပ်ထုတ်ဝေ



**ရန်ကုန် အောက်တိုဘာ ၁၁**

စာရေးဆရာမ ရွှေသဘာ၏ မဂ္ဂဇင်းများတွင် ဖော်ပြပြီးဖြစ်သည့် အနာ၊ ပွင့်မျောရေပန်း၊ သံသရာသည်ဂယက်မှာ၊ အရောင်ကွဲနာရီများ၊ လူတို့၏အကြောင်း၊ အပိုင်၊ ပင်ရိုင်း အစရှိသော ဝတ္ထုရှည်ခုနစ်ပုဒ်ကို စုစည်းလျက် 'ကြာစောင့်ရေ' အမည်ဖြင့် နိုင်ငံဂုဏ်ရည် စာပေတိုက်က ထုတ်ဝေလိုက်သည်။ **(အပေါ်ပုံ)**

အိမ်ထောင်ရေး၊ လူမှုရေးနှင့် ဘဝသင်ခန်းစာဖော်ထုတ် ရေးတို့အတွက် အတွေးအခေါ်ပိုင်း ဆိုင်ရာ စိတ်ဓာတ်အင်အားမြှင့်တင်ပေးသော စာအုပ်တစ်အုပ်ဖြစ်ပြီး တစ်အုပ်လျှင် ကျပ် ၇၀၀နှုန်းဖြင့် ရန်ကုန်မြို့ နိုင်ငံဂုဏ်ရည်စာပေတိုက် ဖုန်း-၃၇၄၅၃၂၊ မန္တလေးမြို့ ထွန်းဦး စာပေ၊ နဂါးစာပေတို့မှ တစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိလိုက်ကြောင်း သိရသည်။ **(က-ပ)**

## တိုက်ကြီးမြို့မအထကနှင့်အလက ကျောင်းသားကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲ

တိုက်ကြီးမြို့မ အထက၊ အလကကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲအခမ်းအနားကို ၂၆-၁၂-၂၀၀၄ ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် တိုက်ကြီးမြို့ အလကကျောင်းခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။

ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေများကို အောက်ပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်-

၁။ ဦးသိန်းအောင် (ဥက္ကဋ္ဌ) တိုက်ကြီးမြို့နယ်အသင်း ဖုန်း-၀၁-၅၂၆၁၆၄၊
၂။ ဦးတင်ငွေ (အတွင်းရေးမှူး) တိုက်ကြီးမြို့နယ်အသင်း ဖုန်း-၀၁-၂၂၁၇၄၅၊
၃။ ဦးစိုးလှိုင် (အမှုဆောင်) တိုက်ကြီးမြို့နယ်အသင်း ဖုန်း-၀၁-၅၂၆၈၄၈၊
၄။ ဒေါ်ကျင်နွဲ့ သမဦးစီးဌာန၊တိုက်ကြီး ဖုန်း-၀၁-၂၄၇၇၀၂၊
၅။ ဦးဟန်စိန် ပြည်ခိုင်ဖြိုး၊တိုက်ကြီးမြို့ ဖုန်း-၀၁-၆၄၃၀၃၂၊

**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**
**တိုက်ကြီးမြို့။**

## ရန်ကင်းဓမ္မိကဓမ္မာရုံသီတဂူတရားပွဲ

**ရန်ကုန် အောက်တိုဘာ ၁၁**

သဲကုန်းသီတဂူဆရာတော် ဗဟုဇန ဟိတရေ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဒေါက်တာဉာဏိဿရသည် အောက်တိုဘာ၁၈ရက် (တနင်္လာနေ့) ညနေ ၆နာရီတွင် ရန်ကင်းမြို့နယ် အမှတ် (၅)ရပ်ကွက် ဓမ္မိကဓမ္မာရုံကြီး၌ တရားဟောကြားမည်ဖြစ်ကြောင်းသိရသည်။

**(က-ပ)**

## ပဲခူးမြို့ နောင်တော်ကြီး မြသာလျောင်းရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှု အလှူတော်ငွေများ ပါဝင်လှူဒါန်းနိုင်

**ရန်ကုန် အောက်တိုဘာ ၁၁**

ပဲခူးမြို့ မဇင်းရပ်ကွက် တိဿလမ်းရှိ နောင်တော်ကြီး မြသာလျောင်း ရုပ်ပွားတော်မြတ်ကြီးအား ကောဇာသက္ကရာဇ် ၃၅၆ ခုနှစ်တွင် နန်းတက်သော ပဲခူးဘုရင် မိဂါဒိပ္ပမင်းက စတင်တည်ထားကိုးကွယ်ခဲ့ပြီး ဓမ္မစေတီမင်းကြီးက ထပ်မံပြုပြင် ကိုးကွယ်ခဲ့သည်။ ယင်းရုပ်ပွားတော်မြတ်ကြီးသည် ဟောင်းနွမ်းပျက်စီးယိုယွင်းနေခဲ့ကာ အုတ်ပုံကြီးတစ်ခုသဖွယ် နောင်လာနောက်သားများ ဖူးတွေ့ခဲ့ကြရသည်။ အဆိုပါ ယင်းရုပ်ပွားတော်မြတ်ကြီးအား ၁၃၆၄ ခုနှစ် ဝါခေါင်လဆန်း ၃ ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) (ယခု နိုင်ငံတော်ဝန်ကြီးချုပ်) ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်ကာ ပန္နက်တော်တင် အုတ်မြစ်တော်စီ၍ ပြန်လည်ပြုပြင် တည်ထားကိုးကွယ်ရာ၌ အလျား ပေ ၂၇၀၊ အနံ ၈၁ ပေ၊ ဉာဏ်တော်အမြင့် ၆၃ ပေ ရှိပြီး ၁၃၆၅ ခုနှစ် ပြာသိုလဆန်း ၅ ရက်တွင် အလယ်ဌာပနာတော် ထည့်သွင်းပူဇော်ခဲ့သည်။

### ဆက်သွယ်လှူဒါန်းနိုင်

ယခုအခါ နောင်တော်ကြီး မြသာလျောင်း ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုမှာ ပြီးစီးတော့မည်ဖြစ်သည်။ ယင်းရုပ်ပွားတော်မြတ်ကြီးတည်ရှိရာ သလွန်တော်ကို မြန်မာမှုဗိသုကာ အနုပညာလက်ရာများဖြင့် မွမ်းမံခြယ်သရန်အတွက် ရှေ့မျက်နှာစာတစ်ခန်းလျှင် ငွေကျပ် ၁၀ သိန်းဖြင့်လည်းကောင်း၊ နောက်ကျောဘက်ခြမ်း သလွန်တော်ကို တစ်ခန်းလျှင် ငွေကျပ် ခုနစ်သိန်းဖြင့်လည်းကောင်း အလှူတော်ငွေများ ပါဝင်လှူဒါန်းပူဇော်နိုင်ပါကြောင်း နှိုးဆော်ထားပြီး ဆက်သွယ်လှူဒါန်းရန် ဌာနများမှာ ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမောင်မောင်ကြွယ် ဖုန်း-၀၅၂-၂၁၂၆၀၊ ဦးခိုင်အောင် (ညွှန်ကြားရေးမှူး၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန) ဖုန်း-၀၁-၆၅၁၆၇၆၊ နောင်တော်ကြီးမြသာလျောင်း ဂေါပကအဖွဲ့ ဖုန်း-၀၅၂-၂၄၂၀၆ တို့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရွှေတိဂုံစေတီတော်ဓာတ်ပုံပြိုင်ပွဲ၊ ပြပွဲဆုရရှိသူများအားကြေညာခြင်း

**၁။ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းကော်မတီက ကြီးမှူးကျင်းပခဲ့သော ၂၀၀၄ခုနှစ် ရွှေတိဂုံစေတီတော် ဓာတ်ပုံပြိုင်ပွဲတွင် အောက်ဖော်ပြပါ ဓာတ်ပုံပညာရှင်များက ဆုအသီးသီးရရှိကြောင်း ကြေညာအပ်ပါသည်-**

| | | |
|---|---|---|
| (က) ကြည်ညိုဖွယ်အဖုံဖုံမြတ်ရွှေတိဂုံ | ပထမဆု | - သီဟသိန်းဉာဏ် |
| | ဒုတိယဆု | - လင်းထင် |
| | တတိယဆု | - ရွှေလှေမျိုးအောင် |
| | နှစ်သိမ့်ဆု-၁ | - တင်မိုးဝေ |
| | နှစ်သိမ့်ဆု-၂ | - တင်မိုးဝေ |
| | နှစ်သိမ့်ဆု-၃ | - ကျော်ကျော်သူ |
| | နှစ်သိမ့်ဆု-၄ | - မောင်မောင်ကြည် |
| | နှစ်သိမ့်ဆု-၅ | - ဦးဆန်းငွေး(မြန်မာ) |
| (ခ) မြတ်ရွှေတိဂုံကုသိုလ်စုံ | ပထမဆု | - ကိုအောင်အောင်(Toe) |
| | ဒုတိယဆု | - တင်မိုးဝေ |
| | တတိယဆု | - သီဟသိန်းဉာဏ် |
| | နှစ်သိမ့်ဆု-၁ | - သီဟသိန်းဉာဏ် |
| | နှစ်သိမ့်ဆု-၂ | - ဦးလှမောင် |
| | နှစ်သိမ့်ဆု-၃ | - တင်မိုးဝေ |
| | နှစ်သိမ့်ဆု-၄ | - ကိုအောင်မျိုး(Maximunforce) |
| | နှစ်သိမ့်ဆု-၅ | - ဦးလှမောင် |
| (ဂ) ရွှေတိဂုံ ဝန်းကျင်ရှုလေလျှင် | ပထမဆု | - စိန်ဝင်းထွေး(အောင်ချမ်းသာ) |
| | ဒုတိယဆု | - ဦးလှမောင် |
| | တတိယဆု | - မျိုးမြင့်အောင်(သိပ္ပံ) |
| | နှစ်သိမ့်ဆု-၁ | - ဦးကျော်လင်း(လှိုင်) |
| | နှစ်သိမ့်ဆု-၂ | - သီဟဝင်း(လှုဂုဏ်ရည်) |
| | နှစ်သိမ့်ဆု-၃ | - သီဟသိန်းဉာဏ် |
| | နှစ်သိမ့်ဆု-၄ | - ဦးသိန်းဝင်း |
| | နှစ်သိမ့်ဆု-၅ | - ဦးလှမောင် |

၂။ အထက်ဖော်ပြပါ ဆုရဓာတ်ပုံများအပါအဝင် ပြိုင်ပွဲဝင်ဓာတ်ပုံများကို အများပြည်သူတို့ လေ့လာကြည်ညိုနိုင်ကြစေရန် ၁၇-၁၀-၂၀၀၄ရက်(တနင်္ဂနွေနေ့)မှ ၂၈-၁၀-၂၀၀၄ရက် (ကြာသပတေးနေ့)အထိ ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ဓာတ်ပုံပြိုင်ပွဲတစ်ရပ် ခင်းကျင်းပြသမည်ဖြစ်ပါ၍ ဘုရားဖူးပြည်သူများ အခမဲ့ကြွရောက် လေ့လာကြည်ညိုနိုင်ပါသည်။

၃။ ၂၇-၁၀-၂၀၀၄ရက်တွင် ဆုရဓာတ်ပုံပညာရှင်များအား ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပမည်ဖြစ်ပါသည်။

**ရွှေတိဂုံစေတီတော်ထာဝရဘက်စုံပြုပြင်မွမ်းမံ**
**တည်ဆောက်ရေးလုပ်ငန်းကော်မတီ။**

## ဘဒ္ဒန္တဝိလာသာစာရ ဆရာတော်ကြီး မွေးနေ့ဝိဇာတအလှူတော်မင်္ဂလာကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၁**

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ စကားတောင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် သက်တော်ရှည် နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တဝိလာသာစာရ၏ သက်တော်(၉၄)နှစ်ပြည့်နှင့် သိက္ခာတော် (၇၄)ဝါမြောက်ဝိဇာတ မွေးနေ့အလှူတော် မင်္ဂလာအခမ်းအနား ကို အောက်တိုဘာ ၁၈ရက်မှ ၂၁ရက်အထိ ရာကျော်မွှောရုံ၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ ဆရာတော်ကြီး၏ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား ကြွရောက် ဖူးမြော်ကြည်ညိုနိုင်ရန် ဖိတ်ကြားထားကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)

## ဝေသာလီရွှေသိမ်တော် ပန္နက်တော်တင်မင်္ဂလာကျင်းပပြီးစီး

**ရန်ကုန် အောက်တိုဘာ ၁၁**

အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့နှင့် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ရွှေသုဝဏ် ဆရာတော်တို့၏ ဩဝါဒကိုခံယူ၍ ဒုတိယသင်္ဂါယနာတင်သည့်နေရာဖြစ်သော အိန္ဒိယနိုင်ငံ ဗီဟာပြည်နယ် ဝေသာလီဒေသ မြန်မာကျောင်း အတွင်း သိမ်တော်မရှိသဖြင့် သိမ်တော်သမုတ်ပွဲ မင်္ဂလာအခမ်းအနားကိစ္စအဝဝကို ဒါယကာ ခံယူ၍ သိမ်ဆောက်ရန် ပန္နက်တင် မင်္ဂလာ အခမ်းအနားကို ဝေသာလီဒေသမြန်မာကျောင်းဝင်း အတွင်း၌ အောက်တိုဘာ၈ ရက်က ပြုလုပ်ခဲ့သည်။

ယင်း အခမ်းအနားသို့ အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဗုဒ္ဓဂယာ မြန်မာကျောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဉာဏိန္ဒ၊ ကုသိနာရုံ မြန်မာကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဉာဏိဿရ၊ မိဂဒါဝုန် မြန်မာ ကျောင်းဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တ ဝဏ္ဏဓဇ အမှူးပြုသော ဆရာတော် သံဃာတော်များ၊ သိမ်အလှူရှင် ဒေါက်တာ ဦးအောင်ဝင်း-ဒေါ်ဥဥအောင်၊ သမီး သွန်းဖြိုးဆု လာဘ်လှိုင် မိသားစု ဗဟန်းမြို့နယ် ရန်ကုန်မြို့နှင့် ဓမ္မမိတ်ဆွေများတက်ရောက်ကြကြောင်း သိရသည်။

(က-ပ)

## မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်း

**ရန်ကုန် အောက်တိုဘာ ၁၁**

ဒဂုံမြို့နယ် ဦးဝိစာရရပ်ကွက် ဗုဒ္ဓဓမ္မဗိမာန်တော် (ဓမ္မာရုံကြီး)တွင် ဗဟန်းမြို့နယ် ခြောက်ထပ်ကြီး မဏိရတနာကျောင်းဆရာတော် ဦးပဏ္ဍိတ (ပိဋကတ် နှစ်ပုံဆောင်)အရှင်သူမြတ်သည် အောက်တိုဘာ၁၅ ရက်မှ ၂၁ရက်အထိ နေ့စဉ်ညနေ ၅နာရီခွဲမှ ၆နာရီခွဲအထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် တရားတော်များ ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)







## ရွှေရတုဝိဇာတ မော်ကွန်းတင်စာစောင် ထုတ်ဝေမည်

**ရန်ကုန် အောက်တိုဘာ ၁၁**

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ၏ သက်တော်နှစ်ငါးဆယ်ပြည့် အထိမ်းအမှတ်အဖြစ် ရွှေရတုဝိဇာတ အမည်ရှိ မော်ကွန်းတင် အထိမ်းအမှတ်စာစောင် ထုတ်ဝေမည်ဖြစ်သည်။

ယင်းစာစောင်တွင် ဆရာတော်နှင့်ဆက်စပ်သောအကြောင်းအရာများကို ဆောင်းပါးဖြစ်စေ၊ ရတုဖြစ်စေ၊ ကဗျာဖြစ်စေ၊ ဝတ္ထုဖြစ်စေ၊ မှတ်တမ်းမှတ်ရာဖြစ်စေ၊ အမှတ်တရ ဓာတ်ပုံဖြစ်စေပေးပို့လိုပါက တိပိဋကမဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်(၁၃)ရပ်ကွက်ကျန်စစ်သားလမ်း အရှေ့ဒဂုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၈၀၂၄၉၊ တိပိဋကသဒ္ဓာဝါသစာသင်တိုက် ၁၆ လမ်း နှင့် ၆၂လမ်းထောင့် ဒေါနဘွားရပ်အောင်မြေသာစံမန္တလေးမြို့ ဖုန်း- ၀၂-၃၉၈၆၆၊ ဦးစိန်မြင့် (အုပ်ချုပ်မှုဒါရိုက်တာ) အမှတ် ၅၁ မြန်မာ့ဂုဏ်ရည်လမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၄၄၄၈၆ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်းသိရသည်။

(က-ပ)



## ပေးအပ်လှူဒါန်း

**အောက်တိုဘာ၁၀ရက်က ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓဘာသာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်း ဗဟို(ဗဟန်း ၃လမ်းမှတ်တိုင်အနီး)တွင် ဒေါက်တာခင်ဇော်-ဒေါ်ယဉ်ယဉ်မော်၊ သမီး အင်ကြင်းဇော်၊ သား ဇာနည်အောင်ထက်၊ ထက်မြက်ဇော် မိသားစု တက္ကသိုလ်များရိပ်သာ ပါရမီလမ်းက အလှူတော်ငွေ အက်ဖ်အီးစီ ၁၀၀ကို ဦးစိုးနိုင် (တွဲဖက်ဘဏ္ဍာရေးမှူး)ထံ ပေးအပ်လှူဒါန်းစဉ်။**

(က-ပ)

## ပန်းတောင်းမြို့နယ်မဂ္ဂဇင်း အမှတ်(၄)ထုတ်ဝေမည်

**ရန်ကုန် အောက်တိုဘာ ၁၁**

ပန်းတောင်းမြို့နယ် မဂ္ဂဇင်းအမှတ် (၄)ကို မကြာမီထုတ်ဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ပန်းတောင်းမြို့နယ်သူ မြို့နယ်သား စာပေ ဝါသနာရှင်များထံမှ ပြည်ခရိုင် ပန်းတောင်းမြို့နယ်နှင့် ပတ်သက်သည့်ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးများကို ဆရာဦးတင်ထွတ် (အထက ကျောင်းအုပ်ကြီး၊ငြိမ်း) ဝန်လိုရပ်ကွက် ပန်းတောင်းမြို့နယ်သို့လည်းကောင်း၊ ဦးခင်စိုး (တာဝန်ခံစာတည်း) စာပေဗိမာန် ၅၂၉ ကုန်သည်လမ်း ရန်ကုန်မြို့သို့ လည်းကောင်း နိုဝင်ဘာ ၁၅ရက်ထက် နောက်မကျစေဘဲ ပေးပို့နိုင်ကြောင်းသိရသည်။

(က-ပ)















# ယခုအပတ် မြန်မာဗီဒီယိုဇာတ်ကား ၁၇ကားဖြန့်ချိ

**မောင်ဆွေထွန်း**

**ရန်ကုန် အောက်တိုဘာ ၁၁**

အောက်တိုဘာ၁၀ရက် တနင်္လာနေ့မှစ၍ တစ်ပတ်အတွင်းမြန်မာဗီဒီယိုဇာတ်ကား ၁၇ကား ဖြန့်ချိပြသခွင့်ရရှိမည်ဖြစ်သည်။ ထိုဗီဒီယိုဇာတ်ကားများအနက် ရုပ်ရှင်ဇာတ်ကားကြီးကို ပြန်လည် အသက်သွင်းသောဇာတ်ကားနှင့် အချစ်၊ ဟာသ၊ ဘဝနှင့်ရာဇဝင်ဇာတ်ကားတို့ ပါဝင်ကြသည်။

လပ်ကီးဆဲဗင်း ဗီဒီယိုအတွက် ဒါရိုက်တာမောင်ပြည့်ဝရိုက်ကူး၍ ဒွေး၊ ရဲအောင်၊ မေသဉ္ဇာဦးနှင့် မေကဗျာတို့ ပါဝင်သော **ဆာဟာရမျက်ဝန်း** ဇာတ်ကား။ ကြောင်ကမ္ဘာဗီဒီယိုမှ ရုပ်ရှင်ဇာတ်ကားကြီးကို ပြန်လည် အသက်သွင်းသည့် ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိမ်းထွဋ်ရိုက်ကူး၍ လွင်မိုး၊ ရာဇာနေဝင်းနှင့် နန္ဒာလှိုင်တို့ပါဝင်သော **မကြားရမမြင်ရသောသံယောဇဉ်** ဇာတ်ကား။ စိန်ငွေးဗီဒီယိုမှ ဒါရိုက်တာစိုးကျော်ဆန်း၊ ရိုက်ကူး၍ လူမင်း၊ နန္ဒာလှိုင်တို့ ပါဝင်သော **ဖြူစင် နွေးထွေးသော မေတ္တာ** အကြောင်း ဇာတ်ကား။

မျက်ခြယ်ဗီဒီယိုမှ ဒါရိုက်တာ မောင်နီလွင်(သပြု)ရိုက်ကူး၍ နေထက်လင်း၊ မြတ်ကေသီအောင်တို့ ပါဝင်သော **နာမည်ဆိုးနဲ့လူ** ဇာတ်ကား။ ကျော်ကျော်ဦး ဗီဒီယိုမှ ဒါရိုက်တာ တင်ဝင်းလှိုင် (ဓာတ်ပုံ) ရိုက်ကူး၍ ညီညီမင်းထက်၊ အောင်မျိုးခိုင်နှင့် ခိုင်ဟေမန်တို့ပါဝင်သော **သျှောင်တစောင်းသစ္စာ** ဇာတ်ကား။ စိန်ပန်းမင်းဗီဒီယိုမှ ဒါရိုက်တာ ဗိုဝမ်း ရိုက်ကူး၍ ငြိမ်းချမ်း၊ ဝိုင်းချစ်၊ ရဲဒိုးနှင့် ကောင်းကျော်တို့ ပါဝင်သော **သမီးသုံးကောင်၊နွားသုံးထောင်** ဇာတ်ကား။ ဇမ္ဗူတလူဗီဒီယိုမှ ဒါရိုက်တာ မင်းအုပ်စိုး ရိုက်ကူး၍ မင်းအုပ်စိုး၊ နေထူးနိုင်၊ မြတ်ကေသီအောင်နှင့် ကင်းကောင်တို့ ပါဝင်သော **ကန္တာရပျား** ဇာတ်ကား။

ဝင်းဘရားသားဗီဒီယိုမှ ဒါရိုက်တာ ယွန်းရိုက်ကူး၍ မင်းကို၊ ထားအဉ္ဇလီနှင့် မင်းသစ်တို့ပါဝင်သော **သခ်ပဏ္ဏ** ဇာတ်ကား။ ရန်အောင်ထွန်းဗီဒီယိုမှ ဒါရိုက်တာ မြိုင်စစ်သူရိုက်ကူး၍ ကျော်ထက်၊ သီရိထက်စံတို့ပါဝင်သော **အနီးဆုံးလူ**ဇာတ်ကား ရှမ်းလေးဗီဒီယိုမှဒါရိုက်တာထက်ပိုင်ရိုက်ကူး၍ ဠွန်ဂို၊ မြသင်းချယ်တို့ ပါဝင်သော **အဖြစ်ဆိုးတဲ့မောင်ရွှေရိုး** ဇာတ်ကား။ လင်းဗီဒီယိုမှ ဒါရိုက်တာအောင်ဆွေ(မြန်မာ)ရိုက်ကူး၍ ကျော်ရဲအောင်၊ မေသန်းနုနှင့်မင်းသစ္စာတို့ ပါဝင်သော **ပွင့်ခြေလေရိုင်း** ဇာတ်ကား။ စိုးစိုးဗီဒီယိုမှ ဒါရိုက်တာ မောင်မောင်သက်ခိုင်ရိုက်ကူး၍ ငြိမ်းချမ်း၊ ရဲဒိုး၊ ဝိုင်းချစ်နှင့်ကောင်းကျော်တို့ ပါဝင် သော **ဟဲလို ရိုက်မယ်နှင့် အောင်သွယ် ဖူးစာ** ဇာတ်ကား။ အောင်ဗီဒီယိုမှ ဒါရိုက်တာ အောင်ဆွေဆက် ရိုက်ကူး၍ ကင်းကောင်၊ ကုသိုလ်၊ ချစ်စရာနှင့် ဆုရွှန်းလဲ့တို့ပါဝင်သော **ချစ်မြတ်နိုးစွာ ပေါက်ကွဲခြင်း** ဇာတ်ကား။ ဇာတ်လမ်းဗီဒီယိုဒါရိုက်တာ အောင်အောင်ဦး ရိုက်ကူး၍ နိုင်ထက်ဦး၊ ဝါဝါမေမောင်တို့ ပါဝင်သော **လွတ်အောင်ပြေး** ဇာတ်ကား။ ကျော်ကျော်ဦး ဗီဒီယိုမှ ဒါရိုက်တာ ဗိုဝမ်း ရိုက်ကူး၍ ကျော်ရှိန်း၊ မိုခမ်းနှင့် ရွှေရည်မိုးဦးတို့ ပါဝင်သော**မုဆိုးတစ်လှည့်သားကောင်တစ်လှည့်** ဇာတ်ကားများ ဖြန့်ချိပြသခွင့်ရရှိသည်။ ။

**(မြန်မာ့အလင်း)**



**လပ်ကီးဆဲဗင်းဗီဒီယိုမှ ဒါရိုက်တာ မောင်ပြည့်ဝ၏ ဆာဟာရမျက်ဝန်းဇာတ်ကားမှ ဒွေး၏ သရုပ်ဆောင်ဟန်။**



**ဇမ္ဗူတလူ ဗီဒီယိုမှ ရိုက်ကူးသော ကန္တာရပျား ဇာတ်ကားမှ မင်းအုပ်စိုးနှင့်မြတ်ကေသီ အောင်တို့၏ ရွှင်ပျော်မြူးဟန်။**



**မမြင်ရမကြားရသောသံယောဇဉ် ဇာတ်ကားမှ ရာဇာနေဝင်းနှင့် နန္ဒာလှိုင်တို့၏ ကိုယ်စီ ဟန်ပန်။**

## မြန်မာ-ဂျပန်နိုင်ငံတကာရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြည့်ရန်ဖြင်

**ရန်ကုန် အောက်တိုဘာ ၁၁**

မြန်မာ့ရိုးရာ လက်ဝှေ့လောကအတွက် ဂုဏ်ယူဖွယ်ရာအဖြစ် မြန်မာ-ဂျပန်နိုင်ငံတကာရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကို ရိုက်ကူးထားသည့် ဒါရိုက်တာ စိုင်းဇော်ဇော်၏ **ရဲရင့်သူတို့ အောင်ပွဲ** နှင့် **သတ္တိကိုအရင်းတည်ယှဉ်ပြိုင်မယ့်ယောကျ်ား** ဗီဒီယိုနှစ်ကားကို ယခုအပတ်တွင် ဖြန့်ချိမည် ဖြစ်သည်။

မြန်မာ့လက်ဝှေ့သမား နိုင်ဝမ်းလေး၊ အေးဗိုစိန်၊ ဝင်းထွန်းနှင့် ရွှေဆိုင်းတို့က ဂျပန်လက်ဝှေ့သမားလေးဦးနှင့် ယှဉ်ပြိုင်ထိုးသတ်ကြပုံတို့ကို မိမိရရ ရိုက်ကူး၍ ကျော်ဗီဒီယိုမှ ဖြန့်ချိမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**



**နှစ်ဖက်သောမိဘများအား အမှူးထား၍ အမှတ် ၂၅ ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ်နေ ဦးရဲထွန်း-ဒေါ်မို့မို့အေးကျော်မိသားစုက အလှူငွေကျပ်ငါးသောင်း၊ဦးတီညွန့်ဦး-ဒေါ်စုစုအေးကျော်မိသားစုက အလှူငွေကျပ်တစ်သိန်းနှင့်မိဘများအားရည်စူး၍ ဦးတင်ရွှေ၏ (၅၂)နှစ်မြောက်မွေးနေ့ အလှူငွေကျပ်တစ်သိန်း စုစုပေါင်း ကျပ်နှစ်သိန်းငါးသောင်းအား ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်) အသင်းရုံးသို့ လှူဒါန်းရာ ဦးဝင်းနိုင် အလုပ်အမှုဆောင် (မော်တော်ယာဉ် ခေါင်းဆောင်)နှင့် ဒေါ်ဥမ္မာစိုး(ဘဏ္ဍာရေးမှူး)တို့က လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။** (က-ပ)

## လပွတ္တာမြို့နယ် ဥက္ကဋ္ဌဖလားဘောလုံးပြိုင်

**လပွတ္တာ အောက်တိုဘာ ၅**

လပွတ္တာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ကျေးရွာရပ်ကွက်ပေါင်းစုံ အမျိုးသား အကြိုးတန်း ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၀ရက် ညနေ ၃နာရီက ရတနာဒီပအားကစားကွင်းတွင် ကျင်းပရာ **(ယာပုံ)** မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးဟန်နှင့်အဖွဲ့ဝင်များ၊ လပွတ္တာမြို့နယ် အားကစားနှင့်ကာယ ပညာဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းသန်းနှင့် ကော်မတီဝင်များ၊ လူမှုရေး အသင်းအဖွဲ့များနှင့် မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများတက်ရောက်ကြသည်။

ဖွင့်ပွဲတွင် လ/တောင်ကျေးရွာနှင့် ဘိုင်းဒေါင့်ချောင်း ကျေးရွာတို့ယှဉ်ပြိုင်ကစားကြရာ လ/တောင်ကျေးရွာက လေးဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**





**စာတတ်သူတိုင်း**
**စာဖတ်ဖို့**
**စာကြည့်တိုက်များ**
**ထူထောင်စို့**

## ပျဉ်းမနားမြို့တွင် နယ်လှည့်စာကြည့်တိုက်ဖွင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်း

**ပျဉ်းမနား အောက်တိုဘာ ၂**

ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့် စာကြည့်တိုက်ဖွင့်လှစ်ခြင်းနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်များ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို စက်တင်ဘာ ၂၃ရက်က တောင်ညို ကျေးရွာအုပ်စု တောင်ညို အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးဇော်ဝင်းက အမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးခင် မောင်ထွန်းက နိုင်ငံတော်၏ ဆောင်ရွက်ချက်များ၊ နယ်လှည့်စာကြည့်တိုက်နှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းစာကြည့်တိုက်နှင့် ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်များပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြကြောင်း သိရသည်။ (ဝဇဇ)

## ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းတူးဖော်

**ဒေါ့ဖုန်းယန် စက်တင်ဘာ ၁၅**

မြို့သာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ဒေါ့ဖုန်းယန်မြို့တွင် စက်တင်ဘာ ၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနူးဆောင်သည့် အဖွဲ့ဝန်ထမ်းများနှင့်အတူ ရုံးတွင်းစုပေါင်း သန့်ရှင်းရေးနှင့် မြို့တွင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ခြင်းတို့ကို စုပေါင်း ဆောင်ရွက်ကြသည်။

**(ပြည်နယ်စည်ပင်)**



**မြောက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမှင်သန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးမင်းနိုင်နှင့်အဖွဲ့ စက်တင်ဘာ ၁၂ရက်က မြို့ဝင်ဆိုင်းဘုတ်ဆောင်ရွက်ပြီးစီးမှု ကြည့်ရှုစစ်ဆေးကြစဉ်။** (မြို့နယ်စည်ပင်)

**ကြီးကြပ်**

**စက်တင်ဘာ၂၂ရက်က ကျောက်တန်းမြို့နယ် ဆင်မကော်ကျေးရွာ၌ ရွာတွင်းလမ်းများ တိုးချဲ့ခြင်းနှင့် ခြံစည်းရိုးများ စနစ်တကျ ကာရံခြင်းတို့ကို ကျေးရွာသူ ကျေးရွာသားများ စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးကြည်တင်နှင့် ကျေးရွာတာဝန်ရှိသူများ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။** (က-ပ)



# ညောင်တုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကျင်းပ

ညောင်တုန်း အောက်တိုဘာ ၄

**ညောင်တုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို စက်တင်ဘာ ၂၈ရက်က မြို့နယ်အသင်းရုံးခန်းမတွင် ကျင်းပသည်။**

အခမ်းအနားတွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲ ဂုဏ်ထူးရ ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင် ရပ်ကွက်၊ကျေးရွာ စည်းရုံးရေးမှူးများနှင့် မြို့နယ်အလုပ်အမှုဆောင်များ၏ သားသမီးများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ညောင်တုန်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၄ အုပ်စုမှ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်စာစောင် ၈၆၀ကို မြို့နယ်အသင်း အတွင်းရေးမှူး ဦးအောင်မြသန်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်ကြည်ကြည်အေးသို့ ပေးအပ်သည်။

**ရှင်းလင်းပြောကြား**

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်အလုပ်အမှုဆောင်ကော်မတီ၏ အစီရင်ခံစာအပေါ် ရပ်ကွက်၊ကျေးရွာစည်းရုံးရေးမှူးများက ကဏ္ဍအလိုက် ဆွေးနွေးကြရာ ဆွေးနွေးချက်များနှင့် ပတ်သက်၍ တွဲဖက်အတွင်းရေးမှူး ဦးအောင်သိန်းထွန်းက ပြန်လည်ရှင်းလင်းပြောကြားသည်။

**ဆုံးဖြတ်ချက်ချမှတ်**

ထို့နောက် မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးဝင်းနိုင်ကျော်က အမှာစကားပြောကြားပြီး ညောင်တုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးဦးအောင်မြသန်းက ဆုံးဖြတ်ချက်များချမှတ်နိုင်ရေးအတွက် ကိုယ်စားလှယ်များ၏ဆန္ဒရယူကာ ဆုံးဖြတ်ချက်များချမှတ် အတည်ပြုကြသည်။ **(၀၉၈)**

**အမြို့မြို့ အနယ်နယ် သတင်းများ**



# အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် ဒေသခံတောင်သူများနှင့် တွေ့ဆုံ လိုအပ်ချက်များဖြည့်ဆည်းပေး

ကျောင်းကုန်း အောက်တိုဘာ ၇

**ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်သည် တိုင်း၊ခရိုင် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ဥက္ကဋ္ဌ ဦးကြည်စန်းနှင့် အဖွဲ့ဝင်များ၊ စိုက်/တိုး/မြှင့်အဖွဲ့၊လူမှုရေးအသင်းအဖွဲ့များနှင့်အတူ အောက်တိုဘာ ၃ရက်က ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ဇရပ်ကွင်း ကျေးရွာအုပ်စု ဇရပ်ကွင်းကျေးရွာ ယာယီရှင်းလင်းဆောင်တွင် ဒေသခံတောင်သူများအား တွေ့ဆုံပြီး ဒေသအတွင်း လယ်ယာလုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

ဆက်လက်၍ တိုင်းမှူးသည် စမ်းသပ်ယှဉ်ပြိုင်ကွက်အနီး တောင်သူဦးလှမောင်၏ လယ်မြေလေးဧကတွင် မနောသုခမျိုးသန့်မိုးစပါးများ တောင်သူများ ရိတ်သိမ်းမှု၊ မြို့အထွက် ဧက၄၀၀စံပြစိုက်ခင်းများတွင် စပါးမျိုးယှဉ်ပြိုင် စမ်းသပ်ကွက်များ ဖြစ်ထွန်းအောင်မြင်မှု၊ ရိတ်သိမ်းပြီးစပါးများအား ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ခြွေလှေ့မှုနှင့် စပါးများသန့်စင်မှု အခြေအနေများကို ကြည့်ရှုပြီး **(အပေါ်ပုံ)**ဒေသခံတာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ ရှင်းလင်း မှာကြားသည်။

အဆိုပါ မိုးစပါးရိတ်သိမ်းရာတွင် တစ်ဧကစပါး အခြောက် ၁၀၃တင်း ထွက်ရှိကြောင်း သိရသည်။ **(၂၆၅)**

# ကျောက်များ ကြိတ်ခွဲစုဆောင်းခြင်းလုပ်ငန်း ကန့်ဘလူတွင်ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ပေး

**ကန့်ဘလူ အောက်တိုဘာ ၅**

ကန့်ဘလူမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း မြို့ပြလမ်းလုပ်ငန်းများစံချိန်စံညွှန်း ပြည့်မီကောင်းမွန်စေရန်နှင့် အရွယ်အစားမှန်ကန်သော လမ်းခင်းကျောက်များကြိတ်ခွဲစုဆောင်းခြင်း လုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂)ဦးမိုးကျော် ခေါင်းဆောင်သောအဖွဲ့ ဝန်ထမ်းများဖြင့် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ၁ရက်က အမှုဆောင်အရာရှိ ဦးအောင်ကိုလတ် ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ခဲ့ပေးကြောင်းသိရသည်။

**(အောက်ပုံ) (မြို့နယ်စည်ပင်)**

**မြို့စိမ်းလန်းစိုပြေ သာယာလှပရေးအတွက် ရပ်စောက်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ရုံးရှေ့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပန်းအလှပင်များ စိုက်ပျိုးဆောင်ရွက်ထားစဉ်။** (မြို့နယ်စည်ပင်)





**ဆောင်ရွက်ပေး**

**ကြို့ပင်ကောက်မြို့ ပန်းတင်ရပ်ကွက်နှင့် သဲကုန်းရပ်ကွက် ပြည်သူများ စုပေါင်း၍ သဲကုန်းလမ်းမကြီးအား ကိုယ့်အားကိုယ်ကိုး ဂဝံကျောက်လမ်းခင်းခြင်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (၀၄၀)

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့။**



# အရိပ်ရအပင်နှင့်ပန်းအလှပင်များ တောင်ကြီးမြို့နယ်တွင် စုပေါင်းစိုက်ပျိုး

**တောင်ကြီး အောက်တိုဘာ ၅**

တောင်ကြီးမြို့အဝင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရှုခင်းသာ ပန်းခြံအနီးတွင် အရိပ်ရပင်နှင့် ပန်းအလှပင်များဖြစ်သော စိန်ပန်းနီ၊ စိန်ပန်းပြာ၊ ချယ်ရီ၊ ပနားမားငု၊ ဒီဇင်ဘာ၊ မဲဇလီ၊ ရေသင်းဝင်၊ ပိုးသတင်း စသည့် အပင်များ စိုက်ပျိုးပွဲ အခမ်းအနားကို စက်တင်ဘာ ၁၈ရက် နံနက် ၈ နာရီက တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းအင်အား ၄၀ ဖြင့် စုပေါင်းဆောင်ရွက်ကြသည်။**(ယာပုံ)**

**စိုက်ပျိုး**

အဆိုပါ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ ရှမ်းပြည်နယ် (တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးသောင်းစိန်က ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အရိပ်ရပင်နှင့်ပန်းအလှပင် စုစုပေါင်း ၆၀၀စိုက်ပျိုးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**



# မကွေးမြို့နယ် ဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်

**မကွေး စက်တင်ဘာ ၂၂**

မကွေးမြို့နယ်ဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ မိုးရာသီဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၂၀ရက် ညနေ ၄နာရီက မကွေးခရိုင် အားကစားကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ရွာသစ်ပွဲကြိုရပ်ကွက် အသင်းနှင့် ဆား-ရွှေ-ကင်းရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရွာသစ်ပွဲကြိုအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ထို့နောက် ဆုရအသင်းများအားဆုပေးပွဲအခမ်းအနားကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့်တာဝန်ရှိသူများက အနိုင်ရဗိုလ်စွဲသွားသော ရွာသစ်ပွဲကြိုရပ်ကွက်အသင်းနှင့် ဆုရဘောလုံးအသင်းများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(၃၈၃)**

## ရွှေကျင်မြို့နယ် သီတင်းကျွတ်မီးမျှောပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပရေး ညှိနှိုင်းစည်းဝေး

ရွှေကျင် အောက်တိုဘာ ၈

**(၁၅၃)နှစ်မြောက် ရွှေကျင်မြို့နယ် သီတင်းကျွတ် မီးမျှောပူဇော်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၆ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးထွေးမြင့်က ကျင်းပရေးကော်မတီ ဥက္ကဋ္ဌအဖြစ် ပါဝင်သော လုပ်ငန်းကော်မတီများကို ဖွဲ့စည်းသည်။ ယခုနှစ်တွင် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု ယိမ်းအကများ၊ အမျိုးသား အမျိုးသမီး တက်ပျံယိမ်းအဖွဲ့များ၊ အမျိုးသမီး တက်ခုတ်ယိမ်းအဖွဲ့များနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ရှေးရိုးရာ ယဉ်ကျေးမှု အမျိုးသမီး တက်ခုတ်ယိမ်းတို့ဖြင့် ပါဝင်ဖျော်ဖြေမည် ဖြစ်သည်။

ရွှေကျင်မြို့နယ် သီတင်းကျွတ် မီးမျှောပူဇော်ပွဲတော်ကို အောက်တိုဘာ ၂၁ရက်မှ ၂၉ရက်အထိ ကျင်းပမည် ဖြစ်ပြီး အောက်တိုဘာ၂၉ရက်ညနေ ၆နာရီတွင် ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအား ရောင်စုံမီးကြာခွက် ၅၀၀၀၀ဖြင့် ရွှေကျင်ချောင်းအတွင်း မီးမျှောပူဇော်ကြမည်ဖြစ်သည်။**(မြို့နယ် ပြန်/ဆက်)**



## အောင်မြေရတနာဆွမ်းစားကျောင်းဆောက်ရန်ငွေလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၀**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗဟန်း ၃ လမ်း သုဓမ္မာတိုက်ကျောင်းသဒ္ဓမ္မ ဇောတိကဓဇ မဟာပဋ္ဌာန်းဆရာတော် ဘဒ္ဒန္တဝါယမ၏ ဆောက်လုပ်ဆဲ အောင်မြေရတနာသုံးထပ် ဆွမ်းစားကျောင်းဆောက်ရန် သတ္တမအကြိမ်မြောက် အလှူငွေ ပေးအပ်ပွဲကို အောက်တိုဘာ ၃ ရက်က ယင်းကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် တာမွေမြို့နယ် ၁၄၈ လမ်း အမှတ် ၆ နေ ဒေါ်ထားထား မိသားစုက ငွေကျပ်သုံးသိန်း၊ ကျောက်မြောင်း ဩဘာလမ်း အမှတ် ၂၆ နေ ဦးစံညွှန့်-ဒေါ်နှင်းယုံ မိသားစုက ငွေကျပ် သုံးသိန်းငါးသောင်း၊ အိုလံပစ်တာဝါ ၃ နေ ဒေါ်ခင်ဆွေလှိုင်၊ သား ကိုဇော်မျိုးဟန်မိသားစုက ငွေကျပ်နှစ်သိန်း၊ ကျောက်မြောင်း ဘယသုဒ္ဓိလမ်းနေ ဒေါ်စိန်ကြည်မိသားစုက ငွေကျပ်တစ်သိန်း၊ ကျောက်မြောင်း မလ္လကုန်းလမ်း အမှတ်၃၁ နေ ဦးအောင်စိန်-ဒေါ်စန်းလှိုင် မိသားစုက ငွေကျပ်တစ်သိန်း၊ ကျောက်မြောင်း ဩဘာလမ်းနေ ဦးဉာဏ်သာရွှေ-ဒေါ်ကြူကြူနွဲ့(ခေတ္တ-စင်ကာပူ)တို့က ငွေကျပ်ငါးသိန်းနှင့် ဦးခင်မောင်သိန်း-ဒေါ်မြမြ မိသားစုက ငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ အောင်မြေရတနာသုံးထပ်ဆွမ်းစားကျောင်း ဖြစ်မြောက်ရေး အင်ဂျင်နီယာက လက်ခံရယူသည်။ **(အပေါ်ဝဲပုံ)** (က-ပ)



**နိုင်ငံတကာ စာတတ်မြောက်ရေး အထိမ်းအမှတ် အထက်တန်းနှင့် အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲ ဆုရသူများ ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၈ရက်က မော်လမြိုင်မြို့ အမှတ် အထက(၆) ရတနာမွန် ခန်းမတွင် ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင်က ဆုရကျောင်းသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။** (၁၆၈)



**နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို ကြိုဆိုသောအားဖြင့် စာအုပ်၊ မဂ္ဂဇင်း၊ စာစောင်နှင့်ဂျာနယ်များ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၇ရက်က မင်္ဂလာဒုံမြို့နယ် မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးမှူးဒေါ်မြမြသန်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်သန်းသန်းလှတို့သို့စာအုပ်များ ပေးအပ်လှူဒါန်းစဉ်။**(မြို့နယ် ပြန်/ဆက်)

**ပြည်မြို့နယ် တိုင်းရင်းဆေး ဆရာအသင်း ဆိုင်းဘုတ်တင်ပွဲကို စက်တင်ဘာ၂ရက်က ပြည်မြို့ ရွှေတချောင်းလမ်း တိုင်းရင်းဆေး ကုဌာနတွင် ကျင်းပရာ တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်း ဦးစီးမှူး ဦးအောင်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။** (က-ပ)

**စက်တင်ဘာ ၂၄ရက်က လှိုင်သာယာမြို့ အမှတ် (၁)အခြေခံပညာ အလယ်တန်းကျောင်းတွင် ဗိုလ်အောင်ပြည့်စုံ၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ကျောင်းသားကျောင်းသူ ၃၀၀ကျော်တို့အား အာဟာရ နို့ဆန်ပြုတ်ကျွေးမွေးရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းစိုးနှင့် ဆရာမများ ကြီးကြပ်ကျွေးမွေးကြစဉ်။** (၁၈၀)



**စက်တင်ဘာ ၂၈ရက်က သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(အခွန်) ဦးဆယ်မောင်၊ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ခင်မာမာဝင်း၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဗိုလ်ချုပ်ပန်းခြံအတွင်း ဒေသနှင့်ကိုက်ညီသော ပန်းများဖြင့် မြေယာရှုခင်းအလှ ဆောင်ရွက်မှုကို အမှုဆောင် အရာရှိ ဦးမျိုးကြီးကြပ် ဆောင်ရွက်ပေးစဉ်။** (မြို့နယ်စည်ပင်)



## မော်ကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မူလတန်းကျောင်းသို့ မီးစက်နှင့် အလှူငွေများပေးအပ်လှူဒါန်း

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၇**

မော်လမြိုင်ကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကြီးမှူးဖွင့်လှစ်သော အဝေးသင်တက္ကသိုလ် အထောက်အကူပြုသင်တန်းမှ နည်းပြဆရာ ဆရာမများနှင့် ကျောင်းသူကျောင်းသားများက အေဇလမ်း အခြေခံပညာမူလတန်းကျောင်းသို့ လျှပ်စစ်မီးစက်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၃ ရက် ညနေ ၅ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကိုကိုလွင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် အဝေးသင်တက္ကသိုလ် နည်းပြဆရာများနှင့် ကျောင်းသူ ကျောင်းသားများ လှူဒါန်းသော လျှပ်စစ်မီးစက်နှင့်အပိုပစ္စည်းများကို ဆရာများကိုယ်စား ဦးအုန်းကျော် **(အောက်ပုံ)**က လည်းကောင်း၊ အလှူငွေကျပ်သုံးသောင်းကို အဝေးသင်တက္ကသိုလ်ကျောင်းသူ ကျောင်းသားများက လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာကြီးဦးမောင်ဌေးက လက်ခံရယူသည်။**(ဝ၉၇)**



### ပေးအပ်

**ပန်းတနော်မြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် နိုင်ငံသား အရည်အချင်းပြည့်မီသူ ကျောင်းသား ကျောင်းသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို စက်တင်ဘာ ၂၄ ရက်က ကျင်းပရာ ခရိုင်ဦးစီးဌာနမှူး ဦးဝင်းလှိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးဦးတင်မြင့်တို့က ကျောင်းအုပ်ဆရာကြီး ဦးထွန်းအောင်ထံ နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်ကြစဉ်။** (၃၂၇)



## (၅၇)ကြိမ်မြောက် ဆီးဆွမ်း လောင်းလှူပွဲကျင်းပ

**မှော်ဘီ အောက်တိုဘာ ၃**

မှော်ဘီမြို့နယ် ဘုရားကြီးကျောင်းတိုက် ခဏ္ဍသိမ်တွင် (၅၇)ကြိမ်မြောက် ဆီဆွမ်းလောင်းလှူပွဲကို စက်တင်ဘာ ၂၈ရက် မွန်းလွဲ ၁နာရီက သမိုင်းဝင် ရွှေမော်တင်စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းတိုက် ၆၂ကျောင်းမှ သံဃာတော် ၂၆၂ပါးနှင့် သီလရှင် ၁၆၈ပါးတို့အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်စိုးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များနှင့် စေတနာရှင်ပြည်သူများက ဆီပိဿာ ၁၅၀၀ကျော် လောင်းလှူကြသည်။

ထို့နောက်ရေစက်ချ အခမ်းအနားကျင်းပရာ ဘုရားကြီးဆရာတော် ဦးဇနိန္ဒထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(က-ပ)**



12-10 (17).p65 1 24.03.1905, 9:48 PM

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စပိန်နိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် အောက်တိုဘာ ၁၂

၂၀၀၄ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင်ကျရောက်သော စပိန်နိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ စပိန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဟိုဆေ၊ လူဝီ၊ရိုဒရီဂက်ဇ်၊ဇာပါတေအိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## မိုးတစ်ကြိမ်နှစ်ကြိမ်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ထန်းတပင်အထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြုပစ္စည်းလှူဒါန်းပွဲတက်ရောက်ချီးမြှင့်

ရန်ကုန် အောက်တိုဘာ ၁၁

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြုပစ္စည်းများ လှူဒါန်းခြင်းအခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီတွင် အဆိုပါကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊

စာမျက်နှာ ၇ ကော်လံ ၁ ■



# အီရတ်စစ်ပွဲသည် မတရားသောစစ်ပွဲဖြစ်ကြောင်း ပြင်သစ်သမ္မတ ဂျက်ရှီရက် ထပ်လောင်းပြောကြား

ဟန်နွိုင်း အောက်တိုဘာ ၉

ပြင်သစ်သမ္မတ ဂျက်ရှီရက်က အီရတ်စစ်ပွဲဆင်နွှဲခြင်းသည် မှားယွင်းမှုတစ်ခုဖြစ်ကြောင်း ပြောကြားလိုက်သည်။ အနာဂတ်တွင် အီရတ်နိုင်ငံအနေဖြင့် ပြည်တွင်းစစ်နှင့် ရင်ဆိုင်ရမည်ကိုလည်း စိုးရိမ်ပူပန်ကြောင်း ၎င်းက ထုတ်ဖော်ပြောဆိုသည်။

အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များက အီရတ်နိုင်ငံအတွင်းသို့ ဝင်ရောက်တိုက်ခိုက်ခြင်းသည် တရားမဝင်ကြောင်း ပြင်သစ်သမ္မတဂျက်ရှီရက်က ဗီယက်နမ်နိုင်ငံ ဟန်နွိုင်းမြို့၌ ပြောကြားခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၃ ●

# အောင်ပွဲရ ဘဏ္ဍာ/အခွန်ဘောလုံးအသင်း ပြန်လည်ရောက်ရှိ

သတင်းဆောင်းပါး-ကိုထွေး၊ ဓာတ်ပုံ-ထွေးကြည်(မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၁၁

၂၀၀၄ ခုနှစ် အကြိမ်(၁၁၀)မြောက် အိန္ဒိယဘောလုံးအဖွဲ့ချုပ်ဒိုင်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲခဲ့သော အကောက်ခွန်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်မောင်လင်းခေါင်းဆောင်သည့် ဘဏ္ဍာ/အခွန်ဘောလုံးအသင်းသည် ယနေ့မွန်းလွဲ၂နာရီခွဲက လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ▼

၂၀၀၄ ခုနှစ် အကြိမ်(၁၁၀) မြောက် အိန္ဒိယဘောလုံး အဖွဲ့ချုပ်ဒိုင်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲခဲ့သော ဘဏ္ဍာ/အခွန်ဘောလုံး အသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။

ဓာတ်ပုံ-ထွေးကြည် (မြန်မာ့အလင်း)



## မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းမြင်ကွင်း

စိုက်ပျိုးမြေအကျိုးပြုဧက ၁၀၈၀၀၀ သို့ စိုက်ပျိုးရေပေးဝေနိုင်ပြီး လျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ်ထုတ်ယူရရှိမည့် မကွေးတိုင်း စေတုတ္တရာမြို့နယ်၌ တည်ဆောက်လျက်ရှိသည့် မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းပြီးစီးမှုကို တွေ့ရစဉ်။

(သတင်းစဉ်)